ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (25-6-2005) (၄၆၃၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခရိုအေးရှား သမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂၅

၂၀၀၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ စတက်ချ်ပမ်၊ မက်စစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တောင်အာဖရိက ဒုတိယ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့

ရန်ကုန် ဇွန် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တောင်အာဖရိက သမ္မတနိုင်ငံ ဒုတိယ သမ္မတအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စ ဖန်ဇီး မလနဲဘို ငူကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မန္တလေးတိုင်း မိုးစပါးကဏ္ဍ ၁၀သိန်း လျာထားချက်ပြည့်မီရေး တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းကြည့်ရှု စစ်ဆေးရန်လို

ဒေသဝမ်းစာ ဖူလုံပိုလျှံရေး အစဉ်အာရုံသွင်း၍ အောင်မြင်ရန်ကြိုးပမ်း

ရန်ကုန် ဇွန် ၂၄

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၂၂ရက် နံနက် ၈နာရီတွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၀၅–၂၀၀၆ ခုနှစ် မန္တလေးတိုင်း မိုးစပါးလျာထားချက်ကဏ္ဍ ပြည့်မီအောင်စိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်က မန္တလေးတိုင်းအတွင်း မိုးစပါးကဏ္ဍ ၁၀သိန်း ပြည့်မီရေးအတွက် ရမည်းသင်းခရိုင်အနေဖြင့် တိုးချဲ့ဖော်ထုတ်ရမည့် လယ်ယာမြေများကို ၂၀၀၄–၂၀၀၅ ခုနှစ်မှစတင်၍ သုံးနှစ်စီမံကိန်းရေးဆွဲကာ လျာထားချက်ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မိုးစပါးစိုက်ပျိုးရေး

ဆက်လက်၍ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းက မိတ္ထီလာခရိုင် အနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ်တွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

ရောဝတီတံတား (ရတနာပုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅–၆–၂၀၀၅
(စနေနေ့)

မိုးယွန်းကြီးရေထိန်းတံခါး တည်ဆောက်ဖွင့်လှစ် မိုးစပါး၊ နွေစပါးသီးနှံစိုက်စွမ်းအားတိုးတက်

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများ စားဝတ်နေရေး ဖူလုံစေရေးအတွက်သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ ပဓာနကျသော အရင်းအမြစ်တစ်ခု ဖြစ်သည်။

ဒေသတစ်ခုချင်းအနေဖြင့် ကြည့်ပါက စိုက်ပျိုးရေးလုပ်ငန်းသည် ဒေသတွင်း စားနပ်ရိက္ခာဖူလုံပြည့်စုံရေး၊ ဒေသ၏ စီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် အခြေခံကောင်းတစ်ခုလည်း ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းလာစေရန် လိုအပ်ချက်များကို အလေးထားတည်ဆောက်ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ အထူးသဖြင့် ရေမြေသဘာဝ ရာသီဥတုကိုသာ မှီခိုအားထားစိုက်ပျိုးနေမှု များသာမက ခေတ်မီနည်းပညာရပ်များဖြင့် ပြုလုပ်ဖန်တီးပေးခြင်းအားဖြင့် သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားလာစေရန် အဘက်ဘက်က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိနေပေသည်။

စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် မြန်မာနိုင်ငံ အထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများ၌ အကြီးစား၊ အလတ်စားနှင့် အငယ်စား ဆည်မြောင်းစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

မိုးရွာသွန်းမှုကောင်းမွန်သည့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင်လည်း မိုးတွင်းကာလ၌ ရေကြီးနစ်မြုပ်၍ စိုက်ပျိုးခြင်းမပြုနိုင်သည့် လယ်မြေများ၊ ဆားငန်ရေဝင်ရောက်၍ စိုက်ပျိုးဖြစ်ထွန်းမှုအားနည်းသည့် လယ်မြေများ၌ သီးနှံများအပြည့်အဝ စိုက်ပျိုးလာနိုင်စေရန် ရေထိန်းတမံများ၊ ရေထိန်းတံခါးများကို စဉ်ဆက်မပြတ် တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။

ပဲခူးတိုင်း ဝေါမြို့နယ် ကျွဲတဲစုကျေးရွာအနီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မိုးယွန်းကြီးရေထိန်းတံခါးကို ဇွန်လ ၂၁ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ရေထိန်းတံခါးကို မိုးတွင်းကာလ၌ ပိုလျှံရေများ ထုတ်နုတ်ပေးရန်၊ မိုးနှောင်းကာလ၌ နွေစပါး စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်ရန်နှင့် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် အရှေ့ခြမ်း စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိစေရေးတို့အတွက် ရည်ရွယ်၍ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

မိုးယွန်းကြီးရေထိန်းတံခါးကို ဖွဲ့ဘတ်ချောင်းပေါ်၌ တည်ဆောက်ထားသည်။ ယင်းရေထိန်းတံခါး၌ ၁၂ပေအကျယ်ရှိ ရေတံခါးခြောက်ပေါက်နှင့် ရှစ်ပေအကျယ်ရှိ ရေတံခါးလေးပေါက်ပါရှိပြီး ပေ ၃၅၀၀ ရှည်သည့် ရေခေါ်မြောင်းမကြီးနှင့် ပေ ၇၈၀၀ ရှည်သော ရေထုတ်မြောင်းမကြီးတို့ပါရှိသည်။

မိုးယွန်းကြီးရေထိန်းတံခါး တည်ဆောက်ပြီးစီးသဖြင့် အဆိုပါဒေသ၌ ပထမသီးနှံ မိုးစပါးဧက ၄၅၀၀၀ အပြင် သီးထပ်သီးနှံ နွေစပါးဧက ၃၇၅၀၀ ကျော် စိုက်ပျိုးလာနိုင်ပြီး သီးနှံစိုက်စွမ်းအားလည်း တိုးတက်လာမည်ဖြစ်သည်။

ပဲခူးတိုင်းအတွင်း ပဲခူးရိုးမကိုအခြေပြုပြီး ရေလှောင်တမံနှင့် ရေထိန်းတံခါးများကို တည်ဆောက်ပေးလျက်ရှိရာ မိုးယွန်းကြီးရေထိန်းတံခါးအပါအဝင် ဆည်မြောင်းစီမံကိန်း ၄၁ ခု ရှိပြီဖြစ်သည်။ ယခုအခါ အဆိုပါ ဆည်မြောင်းစီမံကိန်းများက ပဲခူးတိုင်း၏ လယ်ယာမြေစိုက်ပျိုးဧက ခြောက်သိန်းကျော်ကို အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း၌ မိုးယွန်းကြီးရေထိန်းတံခါးအပါအဝင် ဆည်မြောင်းစီမံကိန်းပေါင်း ၁၇၅ ခုကို တည်ဆောက်ပေးထားပြီးဖြစ်ရာ ဒေသခံတောင်သူလယ်သမားများအနေဖြင့် မိုးစပါး၊ နွေစပါး အပါအဝင် သီးနှံမျိုးစုံ သီးနှံစိုက်စွမ်းအား တိုးတက်လာရေးအတွက် လုံ့လဝီရိယစိုက်ထုတ် ကြိုးပမ်းစိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် စိုက်ပျိုးရေးလုပ်ငန်းများ စစ်ဆေး ကောက်ကွေ့ချောင်း ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်းများ ကြည့်ရှု

ရန်ကုန် ဇွန် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၉ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်များမှခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်နယ်၊ ခရိုင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက စည်ပင်သာယာရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တိုင်းစစ်ဌာနချုပ် စခန်းရုံးမိသားစုများ၏ စံပြနှစ်ရှည်မြေပဒေသာပင် ဆင်းရွှေလီလိုင်ချီးအပင် ၁၀၀၀ နှင့် နေကြာ၊ ပဲပုပ်၊ ပြောင်းဧက ၆၀ မျိုးစေ့ထုတ် စိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စိုက်ခင်းတာဝန်ခံ ဗိုလ်မှူးတင်ဝင်းအောင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့အထွက် ကုန်းမြင့်ယာမြေအမှတ်(၁) ဧက ၁၀၀၀ မျိုးစေ့ထုတ် ဇုန်အတွင်း သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုနှင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း ရေလှောင်တမံ အသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဟူးမွန်ဆည်ရေဝေရေထိန်းမှ အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ရေဝေရေထိန်းနိုင်ရန်အတွက် ဆည်ပတ်ဝန်းကျင်တွင် နှစ်ရှည်ပင်များ စိုက်ပျိုးရေးမှာကြားသည်။

ဆင်းရွှေလီ

ယင်းနောက် တိုင်းမှူးသည် ဟူးမွန်ဆည် ရေသောက်စံပြစိုက်ခင်း ၈၄၃ဧက အထူးမျိုးစေ့သန့်ဇုန်၌ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး(အက်ဖ်ဝမ်း) ဧက ၆၀ မျိုးစေ့ထုတ် ပျိုးခင်းစိုက်ပျိုးထားရှိမှုနှင့် ပျိုးခင်းအနီးရှိ ဆင်းရွှေလီနေကြာမျိုးစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန် ၂၀ရက်မှ ၂၂ရက်အထိ ကျင်းပခဲ့သည့် အာရှ–အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့နံနက် ၁၁နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Thambynathan Jasudasen၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇောနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာသိန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅–၂၀၀၆ပညာသင်နှစ် ကျောင်းကောင်စီကတိသစ္စာခံယူပွဲကို ဇွန် ၂ ရက်က ဒဂုံသီရိခန်းမ၌ကျင်းပရာ ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်က အသင်းခေါင်းဆောင် ကျောင်းသူတစ်ဦးအားအသင်းအလံပေးအပ်စဉ်။ (က–ပ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆–၆–၂၀၀၅

International Day Against Drug Abuse and Illicit Trafficking

26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

Value yourself ---make healthy choices

စက်မှုဇုန်များမှ သံရည်ကျိုအလုပ်ရုံနှင့် စက်ပစ္စည်းအလုပ်ရုံများ လာမည့် ဇူလိုင်လအတွင်း စတင်လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၂၄

မန္တလေး၊ မုံရွာ၊ တောင်ကြီးစက်မှုဇုန်များ၌ တည်ဆောက်နေသော သံရည်ကျို အလုပ်ရုံနှင့် စက်ပစ္စည်းအလုပ်ရုံများ လည်ပတ်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမှတ်(၅၆) ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် တောင်ကြီးစက်မှုဇုန်တို့မှ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပို့ချလေ့ကျင့်

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကား ပြောကြားရာ၌**(ယာပုံ)** နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် မန္တလေး၊ မုံရွာနှင့် တောင်ကြီး စက်မှုဇုန်များ၌ သံရည်ကျို အလုပ်ရုံနှင့် စက်ပစ္စည်းအလုပ်ရုံများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် အလုပ်ရုံများ၌ တပ်ဆင်မည့် စက်ပစ္စည်းများကို နိုင်ငံတော်က စိုက်ထုတ်ဝယ်ယူခြင်း၊ စက်ကိုင်တွယ်မည့် စက်မှုဇုန်များမှ ဝန်ထမ်းများအား အမှတ်(၂)စက်မှုဝန်ကြီးဌာနရှိ စက်ရုံများ၌ စာတွေ့၊ လက်တွေ့သင်တန်းများ ပို့ချလေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ စက်များရောက်ရှိ၍ တပ်ဆင်လျက်ရှိရာ အဆိုပါစက်များကို စမ်းသပ်လည်ပတ်ပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လအတွင်း စက်ပစ္စည်းများ ထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ စက်မှုဇုန်များ၌ စက်များတပ်ဆင်နိုင်ရန်အတွက် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ကျွမ်းကျင်သူအင်ဂျင်နီယာအဖွဲ့များကို စက်မှုဇုန်များသို့ စေလွှတ်ပံ့ပိုးဆောင်ရွက်စေခဲ့ကြောင်း၊ ယခုတပ်ဆင်လည်ပတ်နိုင်ရန်အတွက် စက်မှုဇုန်များရှိ သင်တန်းဆင်း အဖွဲ့များ၊ စက်ပေးသွင်းသည့်ဌာနမှ ကျွမ်းကျင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ကျွမ်းကျင်သူ အင်ဂျင်နီယာများကို စေလွှတ်အားဖြည့်ပြီး ပံ့ပိုးပေးမည်ဖြစ်ကြောင်း။

တိုးတက်ထုတ်လုပ်

စက်မှုဇုန်များအနေဖြင့်လည်း သက်ဆိုင်ရာ အလုပ်ရုံအလိုက် ထုတ်လုပ်ပေးနိုင်မည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ရွေးချယ်စီမံထားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်စက်ပစ္စည်းများ စံချိန်စံညွှန်း ပြည့်မီရန်လိုအပ်ရာ ထုတ်လုပ်ရန် လွယ်ကူသည့် စက်ပစ္စည်းများကို ဦးစွာထုတ်လုပ်ပြီး လုပ်ငန်းကျွမ်းကျင်မှုရှိလာသည့်အခါတွင် နည်းပညာ အဆင့်မြင့်သည့် စက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် သက်ဆိုင်ရာစက်မှုဇုန်ကြီးကြပ်ရေး ကော်မတီများက စီမံခန့်ခွဲကြရမည်ဖြစ်ကြောင်း။

လုပ်ငန်းအပ်နှံမည်

ယခုအစည်းအဝေးတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနရှိ စက်ရုံများ၌ အသုံးပြုလျက်ရှိသည့် စက်ပစ္စည်း အစိတ်အပိုင်းများကို ခင်းကျင်းပြသထားရာ စက်မှုဇုန်များအနေဖြင့် မိမိတို့ ထုတ်လုပ်ပေးနိုင်သည့် စက်ပစ္စည်းများကိုရွေးချယ် အဆိုပြုပါက လုပ်ငန်းအပ်နှံမည်ဖြစ်ကြောင်း၊ ဇူလိုင်လအတွင်း စတင်ထုတ်လုပ်နိုင်ရန် တာဝန်ရှိသူအားလုံး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က မန္တလေး၊ မုံရွာနှင့် တောင်ကြီးစက်မှုဇုန်တို့၌ သံရည်ကျိုအလုပ်ရုံနှင့် စက်ပစ္စည်းအလုပ်ရုံများ တည်ထောင်နိုင်ရန် စီမံဆောင်ရွက်မှု၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများ၌ စက်ကိုင်တွယ်မောင်းနှင်ခြင်းသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပေးမှု၊ စက်ပစ္စည်းများမှာယူမှု၊ ရောက်ရှိမှုနှင့် အလုပ်ရုံအလိုက် တပ်ဆင်ပြီးစီးမှု၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ကျွမ်းကျင်သူအင်ဂျင်နီယာများစေလွှတ်ပံ့ပိုးမှု အခြေအနေများကို တင်ပြသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန်ရှိ စက်များတပ်ဆင် စမ်းသပ်လည်ပတ်ရေးလုပ်ငန်းများကို ကြီးကြပ်သူ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် မုံရွာစက်မှုဇုန်နှင့် တောင်ကြီး စက်မှုဇုန်တို့ရှိ စက်များ တပ်ဆင် စမ်းသပ်လည်ပတ်ရေးလုပ်ငန်းများကို ကြီးကြပ်သူ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးတင့်တို့က စက်မှုဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်၊ မုံရွာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် တောင်ကြီးစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်တို့က စက်မှုဇုန်အလိုက် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သွားရောက်လေ့လာ

အစည်းအဝေးအပြီးတွင် စက်မှုဇုန်များမှ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်များသည် ခန်းမအတွင်းခင်းကျင်း ပြသထားသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုကြပြီး စက်မှုဇုန်အလိုက် ထုတ်လုပ်ပေးနိုင်မည့် စက်ပစ္စည်းများကို ရွေးချယ်ကြကြောင်းနှင့် ရွှေပြည်သာစက်မှုဇုန်ရှိ ဒိုင်နှင့်မိုထုတ်လုပ်သော Fair Sun Mold & Die Industry စက်ရုံသို့ သွားရောက်လေ့လာကြသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်း ကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၄

ဗုဒ္ဓဘာသာကလျာဏယုဝ (YMBA) အသင်း ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက်(ဝါဆိုလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ဦးနာဂိန္ဒ (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသည့် ဆရာတော် ၁၀ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်မည်ဖြစ်ကြောင်း သိရသည်။ (၂၃)

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၁၂) ဖွင့်ပွဲ အင်းစိန်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၂၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းဘူတာရုံလမ်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁) စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေ မန်နေဂျာ ဦးသိန်းဌေးက လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် တညင်းကုန်းဘူတာရုံလမ်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၁၂) ဖွင့်ပွဲအခမ်းအနားအပြီး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဘဂ္ဂဒက်မြို့အနောက်ဘက် အယ်ဘာယာဒေသတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အဆောက်အအုံများ ပျက်စီးနေသည်ကို ဇွန် ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာရှနှင့် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

စင်ကာပူ ဇွန် ၂၃

အာရှတိုက်နှင့် အရှေ့အလယ်ပိုင်းဒေသမှနိုင်ငံများအနေဖြင့် လုံခြုံရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း စင်ကာပူ၌ ကျင်းပသည့် ပထမအကြိမ် အာရှ-အရှေ့အလယ်ပိုင်းဆွေးနွေးပွဲ (အေအမ်အီးဒီ) သို့ တက်ရောက်သူများက ဇွန် ၂၁ ရက်တွင် သဘောတူညီခဲ့ကြသည်။

မိမိတို့သည် သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုနှင့်တကွ အခြားသောသွင်ပြင်လက္ခဏာများတွင် ကွဲပြားကောင်း ကွဲပြားနိုင်သော်လည်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေးဟူသော တူညီသည့်ဆန္ဒတွင် တစ်သားတည်း ပေါင်းစည်းညီညွတ်လျက် ရှိကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာရီဆာယက် ဟာမစ်အယ်ဘာ၏ မိန့်ခွန်းတွင် ဖော်ပြထားသည်။

တိုက်တွန်း

ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ အားနည်းလာမှုမှာ မတည်မငြိမ်ဖြစ်ရမှု၏ အဓိကအရင်းခံတရားဖြစ်နေသည့်အတွက်နိုင်ငံအလိုက်ပြုမူလုပ်ဆောင်ပုံနှင့် နိုင်ငံချင်းဆက်ဆံရေးတို့ကို ထိန်းချုပ်သည့်စံအဖြစ်သတ်မှတ်သောမူဘောင်ကို ခိုင်မာအောင် ချမှတ်ရန် လိုအပ်ကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းလိုက်သည်။

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့မှာ တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေကြောင်း၊ ၎င်းတို့ကို သီးခြားစီ ခွဲစဉ်းစားခြင်းမှာ သဘာဝမကျကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မိုဟာမက်ရှာဘန်က ပြောကြားလိုက်သည်။

မှတ်ယူကိုင်စွဲထား

ပဋိပက္ခများကို ငြိမ်းချမ်းစွာကိုင်တွယ်အဖြေရှာခြင်း၊ နိုင်ငံတကာဥပဒေစိုးမိုးမှု၊ ကုလသမဂ္ဂ၏ အခန်းကဏ္ဍတို့သည်သာ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အာမခံပေးသည့် အရာများအဖြစ် အာရှနှင့် အရှေ့အလယ်ပိုင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများက အစဉ်အမြဲမှတ်ယူကိုင်စွဲထားကြောင်း မိုဟာမက်ရှာဘန်က ပြောကြားသည်။ နှစ်ရက်ကြာပြုလုပ်သော အဆိုပါ ဆွေးနွေးပွဲသို့ အာရှနှင့် အရှေ့အလယ်ပိုင်းမှ ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြို့ပြဒေသများ ကျယ်ပြန့်လာမှု အာဖရိကတိုက်ကို စိန်ခေါ်နေ ဖွံ့ဖြိုးရေးရည်မှန်းချက်များဆိုင်ရာ အစီရင်ခံစာသစ် ကုလသမဂ္ဂထုတ်ပြန်

နိုင်ရိုဘီ ဇွန် ၂၂

မြို့ပြဒေသများ ကျယ်ပြန့်ကြီးထွားလာမှုနှုန်း မြင့်တက်နေခြင်းနှင့် မြို့ရွာများတိုးချဲ့မှု များပြားတိုးတက်လာခြင်းတို့သည် အာဖရိကတိုက်၏ ဖွံ့ဖြိုးတိုးတက်မှုကို အကြီးအကျယ်စိန်ခေါ်နေသည့် အခြင်းအရာများဖြစ်ကြောင်း ကုလသမဂ္ဂလူသားများ အခြေစိုက်နေထိုင်မှု အစီအစဉ်က သောကြာနေ့တွင် ပြောကြားသည်။

ပုံကျရပ်ကွက်များတွင် နေထိုင်သူဦးရေ တိုးပွားလာမှု၊ ရေကောင်းရေသန့်မရရှိမှုနှင့် သန့်ရှင်းသန့်ပြန့်မှုမရှိသော ဝန်းကျင်အနေအထားတွင် နေထိုင်ရမှုတို့သည် အာဖရိကတိုက်၏ ဖွံ့ဖြိုးရေးကို တားမြစ်ပိတ်ပင်နေသည့် ပြဿနာရပ်များဖြစ်ကြောင်း ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များဆိုင်ရာ ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာရာ၌ ကုလသမဂ္ဂလူသားများ အခြေစိုက်နေထိုင်မှု အစီအစဉ်အမှုဆောင် ညွှန်ကြားရေးမှူး အင်နာတီဘေဂျူကာက ပြောကြားသည်။

ကြီးပမ်း

ကမ္ဘာပေါ်တွင် မြို့ပြဒေသများ လျင်မြန်စွာ ကြီးမားလာနေမှုနှုန်းမှာ မိမိတို့အံ့အားသင့်ရလောက်အောင် ပင်မြန်ဆန်လှကြောင်း၊ ၂၀၃၀ ပြည့်နှစ်သို့မရောက်မီမှာပင်အာဖရိကတိုက်သား ၆၁ ရာခိုင်နှုန်းသည် မြို့ကြီးများနှင့် မြို့ငယ်များတွင် နေထိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ အာဖရိကတိုက်တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါပျံ့နှံ့မှုထိန်းချုပ်ရန် ပူးပေါင်းကြိုးပမ်းကြရမည်သာမက ပုံကျရပ်ကွက်များတွင် နေထိုင်သူဦးရေ လျှော့ချနိုင်စေရေးအတွက်ပါ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာလျှင် အာဖရိကတိုက်၏ အနာဂတ်ရေးမှာ ထွန်းတောက်လာမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရည်ရွယ်

ကုလသမဂ္ဂလူသားများ အခြေစိုက်နေထိုင်မှုအစီအစဉ်သည် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့နိုင်ငံများကို အကူအညီပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသော ကုလသမဂ္ဂ အေဂျင်စီဖြစ်သည်။ ကုလသမဂ္ဂ ရည်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျစေဘဲပုံကျရပ်ကွက်များတွင် နေထိုင်သူ သန်း ၁၀၀ ခန့်၏ နေထိုင်မှုအခြေအနေများတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းရာ၌ စဉ်ဆက်မပြတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်စေမည့်နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကားဗုံးဖောက်ခွဲမှုနှစ်ခုဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

တီကရစ် (အီရတ်) ဇွန် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း အီရတ်ကြည်းတပ်စစ်ဆေးရေးဂိတ်နှစ်ခုကို ပစ်မှတ်ထားသည့် ကားဗုံးနှစ်လုံး ဖောက်ခွဲမှုဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်-အီရတ်ပူးတွဲညှိနှိုင်းရေးဌာနက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ကားဗုံးဖောက်ခွဲသူ တစ်ဦးသည် ပေါက်ကွဲစရာပစ္စည်းများ အပြည့်အသိပ်တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တီကရစ်အရှေ့ပိုင်း ကီလိုမီတာ ၇၀ ခန့်အကွာရှိ ဂျီဂျန်ကျေးရွာမှ အီရတ်ကြည်းတပ်စစ်ဆေးရေးဂိတ်တစ်ခုအတွင်း ဝင်တိုက်ကာ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု အထက်ပါ ဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုသည် တနင်္လာနေ့ညကြီးပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင်လေးဦးသေဆုံးကာ အခြားငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အခြားဗုံးဖောက်ခွဲသူ တစ်ဦးက တီကရစ်နှင့် တူဇ်ခါမာတိုမြို့အတွင်းရှိ စစ်ဘက်စစ်ဆေးရေး အခြားဂိတ်တစ်ခုအား ဗုံးဖောက်ခွဲရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားလူများထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု ကြေညာချက်တွင်ပါရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီကွေဒေါနိုင်ငံတွင် ရီဗန်တာဒို မီးတောင် ထပ်မံပေါက်ကွဲ

ကွစ် ဇွန် ၂၃

အီကွေဒေါနိုင်ငံတွင် ရီဗန်တာဒို မီးတောင် ပေါက်ကွဲမှု ဖြစ်ပွားသည့်အတွက်ကြောင့် နိုင်ငံ၏ အဓိကရေနံပိုက်လိုင်းနှစ်ခုကို ထိခိုက်နိုင်ကြောင်း အမျိုးသားနည်းပညာသိပ္ပံ (အိုင်ဂျီအီးပီအင်)၏ ဘူမိ-ရူပပညာဌာန ညွှန်ကြားရေးမှူး ဟူဂိုရီပက်ဇ်က အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ ရီဗန်တာဒိုမီးတောင်သည် မီးတောင်ပေါက်ကွဲမှု ဒုတိယအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း မီးတောင်ထိပ်ဝမှ ချော်ရည်များ ထွက်လျက်ရှိကြောင်း ကျွမ်းကျင်ပညာရှင်က ဆိုသည်။

သွယ်တန်းထား

အင်ဒီးစ်တောင်တန်းဇုန်သို့ အဆိုပါမီးတောင်မှ ပြာမှုန်များ ကျရောက်နိုင်ပြီး အဓိက ရေနံပိုက်လိုင်းနှင့် အီကွေဒေါနိုင်ငံကို ဖြတ်သန်းသွယ်တန်းထားသော ရေနံပိုက်လိုင်းကိုလည်း ပြာမှုန်များ ဖုံးအုပ်သွားနိုင်ကြောင်း၊ ထိုဖြစ်ပွားမှုများသည် ရေနံပိုက်လိုင်း ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ရန်ကိစ္စများကို ခက်ခဲနိုင်စေဖွယ် ရှိသည်ဟု ဆိုသည်။

လွှင့်ထုတ်

ထိုမီးတောင်သည် ပိုမိုလှုပ်ရှားလာလျှင် အင်ဒီးစ်တောင်ကြားတွင် ဆိုးကျိုးများ ဖြစ်ပွားလာနိုင်ကြောင်း၊ မီးတောင်သည် ယခုအခြေအနေတွင် ပြာမှုန့်အနည်းငယ်ကိုသာလွှင့်ထုတ်လျက်ရှိနေကြောင်း ရီပက်ဇ်ကပြောကြားသည်။

ရီဗန်တာဒိုမီးတောင်၏ အမြင့်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၄၈၅ မီတာရှိပြီး ၂၀၀၂ ခုနှစ်နိုဝင်ဘာ ၃ ရက်တွင် ထိုမီးတောင်ပေါက်ကွဲခဲ့စဉ်က မီးတောင်မှ တန်ချိန်သန်းပေါင်းများစွာရှိသော ပြာမှုန့်များကို လေထုအတွင်း မှုတ်ထုတ်ခဲ့ပြီး လေထဲမှတစ်ဆင့် ထိုပြာမှုန့်များသည် ကွီတိုမြို့သို့ ရောက်ရှိသွားကာ တစ်မြို့လုံးတွင် ပြာမှုန့်များ ထူထပ်စွာ ဖုံးအုပ်သွားခဲ့သည့်အဖြစ်နှင့် ကြုံခဲ့ကြရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့တွင် ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ အီရတ်အထူး တပ်ဖွဲ့ဝင်များကို ဇွန် ၂၀ ရက်က ယာမောက်ဆေးရုံတွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်း ရာမာဒီမြို့တွင် စစ်ရေးအရ လှုပ်ရှားမှုပြုလုပ်နေစဉ်အတွင်း လက်နက်ငယ်များဖြင့် ပစ်ခတ်မှုခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမှတ်(၂) မရိန်းပြည်ပတပ်ဖွဲ့သို့ တွဲဖက်ထားသည့် အမှတ်(၂) တိုက်ခိုက်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင် တစ်ဦးသည် ရာမာဒီမြို့တွင် အင်္ဂါနေ့က သေဆုံးခဲ့သည်ဟု မရိန်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကြေညာခြင်းမရှိ

၎င်းတပ်ဖွဲ့ဝင်၏ ဆွေမျိုးများထံ အကြောင်းကြားနေဆဲဖြစ်၍ ထိုတပ်ဖွဲ့ဝင်၏အမည်ကို ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်းသိရသည်။

အမေရိကန် ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အီရတ် နိုင်ငံတွင် သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၁၇၂၀ ခန့်ရှိသွားပြီဖြစ်သည်ဟု မီဒီယာသတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြည်သူများအတွင်း သိပ္ပံနှင့်နည်းပညာ အသိစိတ်ဓာတ်မြှင့်တင် နိုင်ငံတကာ ပြည်သူ့ဆက်သွယ်ရေး နှီးနှောဖလှယ်ပွဲ ကျင်းပ

ပေကျင်း ဇွန် ၂၃

သိပ္ပံနှင့်နည်းပညာနှင့်ပတ်သက်၍ ပြည်သူများ အသိစိတ်ဓာတ်ရှိမှု တိုးတက်မြင့်မားလာရေးတွင် ဆက်သွယ်ရေးကဏ္ဍ အရေးပါပုံကို ဆွေးနွေးနိုင်ရန် ပြည်သူ့ဆက်သွယ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ရပ်ကို တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်လိုက်သည်။

တရုတ်နိုင်ငံသည် ပြည်သူများ၏ သိပ္ပံရေးရာ အသိစိတ်ဓာတ်ရှိမှုကို မြှင့်တင်ပေးနိုင်ရန် အာရုံစိုက်လျက်ရှိကြောင်း ၂၀၀၅ ခုနှစ် သိပ္ပံနှင့်နည်းပညာဆိုင်ရာ နိုင်ငံတကာ ပြည်သူ့ဆက်သွယ်ရေးဟူ၍ အမည်ပေးထားသော နှီးနှောဖလှယ်ပွဲတွင် တရုတ်သိပ္ပံနှင့် နည်းပညာအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒန်နန်းက ပြောကြားသည်။

တရုတ်အစိုးရအဖွဲ့သည် သိပ္ပံနှင့် နည်းပညာကဏ္ဍ၌ ပြည်သူများ၏ စိတ်ဝင်စားမှု မြင့်မားတိုးတက်လာစေရေးအတွက် ဆက်သွယ်ရေးအခန်းကဏ္ဍကို သိရှိနားလည်သဘောပေါက်ကြောင်း ၎င်းက ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ ထိရောက်သော ဆက်သွယ်မှု ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာမှ ရရှိသော အတွေ့အကြုံများကို အပြန်အလှန် ဖလှယ်နိုင်ရန် နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ နိုင်ငံတကာ ပြည်သူ့ဆက်သွယ်ရေး နှီးနှောဖလှယ်ပွဲသို့ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကျွမ်းကျင်သူပညာရှင် ၁၆၀ ကျော် တက်ရောက်ကြသည်။ သုံးရက်ကြာ ကျင်းပသည့် နှီးနှောဖလှယ်ပွဲတွင် နိုင်ငံပေါင်း ၂၀ ၏ ဆက်သွယ်ရေးကဏ္ဍ လေ့လာသုံးသပ်ချက် စာတမ်း ၉၅ စောင်ကို တင်ပြဆွေးနွေး သုံးသပ်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်္ဂလန်နိုင်ငံ ဟွန်ဘေအရပ်တွင် ရေလွှမ်းမိုးမှုဖြစ်ပွားပြီးနောက် အဆောက်အအုံများ ပျက်စီးနေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အာရှ၏ စံနမူနာကောင်း အရှေ့အလယ်ပိုင်းဒေသရယူသင့် ယှဉ်ပြိုင်လိုမှုစိတ်ဓာတ်ရှိရန် ဂျော်ဒန်ဘုရင် တိုက်တွန်း

စင်ကာပူ ဇွန် ၂၃

အာရှ ဖွံ့ဖြိုးမှုပုံစံသည် အရှေ့အလယ်ပိုင်းဒေသ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထူးအရေးပါကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာဘင်အယ်လ်ဟူစိန်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

မိန့်ခွန်းပြောကြား

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဘာဆင်အာဝါအဗာက စင်ကာပူတွင် အင်္ဂါနေ့က ကျင်းပသည့် ပထမအကြိမ် အာရှ–အရှေ့ အလယ်ပိုင်းဒေသ ဆွေးနွေးပွဲ (အေအမ်အီးဒီ) ဖွင့်ပွဲတွင် ဂျော်ဒန်ဘုရင် ဟူစိန်ကိုယ်စား မိန့်ခွန်း ပြောကြားခြင်းဖြစ်သည်။

ဖယ်ရှား

ကြီးပွား တိုးတက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ယှဉ်ပြိုင်လိုမှု စိတ်ဓာတ်နှင့် ကုန်ထုတ်စွမ်းအားကို အလေးထားသော အာရှဒေသမှ အတွေ့အကြုံကို အများအပြား နည်းယူရမည်ဖြစ်ကြောင်း၊ သို့ရာတွင် စီးပွားရေးတွင် ယုံကြည်မှု တည်ဆောက်ရန်နှင့် တည်ငြိမ်သည်။ ငွေကြေးမူဝါဒ ကျင့်သုံးရေးကိစ္စများကို သိရှိနားလည်ရန် လိုအပ်ပြီး အနာဂတ်ကာလ တိုးတက်မှုအား အဟန့်အတားပြုနေသော တလွဲတချော် ဖြစ်နေမှုများကို ဖယ်ရှားရန် လိုအပ်ကြောင်း မိန့်ခွန်းတွင် ဖော်ပြထားသည်။

အောင်မြင်မှုရှိ

အရှေ့အာရှဒေသမှ နိုင်ငံများအနေဖြင့် ခိုင်မာသည့် စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းများ တည်ဆောက်ရာတွင် ပြိုင်ဘက်ကင်းသည့် စီးပွားရေးနှင့် လူမှုရေးစွမ်းအားများ ရရှိရန်စေရန်ဖော်ဆောင်ရာတွင် အောင်မြင်မှုရှိခဲ့သည်ဟု မိန့်ခွန်းတွင် ပါရှိသည်။

အေအမ်အီးဒီတွင် ပါဝင်ဆွေးနွေးသူများအနေဖြင့် ဒေသနှစ်ခုအတွင်း ပူးပေါင်းဆောင်ရွက်ရေး ခေတ်သစ်သို့ ဦးတည်စေမည့် အထူးစီမံကိန်းများနှင့် ဦးဆောင်ဦးရွက်ပြုမှုများနှင့် စပ်လျဉ်း၍ သဘောတူညီချက် ရရှိရန်နှင့် ယဉ်ကျေးမှုနှင့် လူမှုရေးပြဿနာများကို ပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု မိမိမျှော်လင့်ထားကြောင်း မိန့်ခွန်းတွင် ဆက်လက်ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံသူများအား အာရိုယိုဖိတ်ခေါ်

ဟောင်ကောင် ဇွန် ၂၂

ဖိလစ်ပိုင်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဖြင့် ပြည့်နှက်နေပြီး စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖိလစ်ပိုင်သမ္မတ ဂလိုရီယာ မာကါပါဂယ်လ်အာရိုယိုက ဟောင်ကောင် စီးပွားရေးလုပ်ငန်း ခေါင်းဆောင်များအား တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံသည် အာရှတိုက်တွင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဒေသဟု မိမိယုံကြည်ကြောင်း၊ ယင်းအချက်ကို နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ ယုံကြည်ကြစေလိုကြောင်း အာရိုယိုက မီဒီယာ ဆွေးနွေးပွဲတွင် ပြောကြားသည်။

စီးပွားရေးနှင့် ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုတွင် တိုးတက်အောင်မြင်မှု ရရှိထားပြီးဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ဧပြီလတွင် အခွန်အခ အများဆုံး ကောက်ခံရရှိခဲ့ပြီး လေးနှစ်တာကာလအတွင်း ရသုံးမှန်းခြေ ငွေစာရင်းပိုငွေ ပထမဦးဆုံး ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်တွင် မူးယစ်ဆေးဝါးသုံးတန် သိမ်းဆည်းမိ

တီဟီရန် ဇွန် ၂၂

အီရန်နိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် လွန်ခဲ့သည့် ရက်သတ္တလေးပတ်က နိုင်ငံအရှေ့တောင်ပိုင်းရှိ ကာမင်ပြည်နယ်တွင် တရားမဝင် မူးယစ်ဆေးဝါးသုံးတန်ကို သိမ်းဆည်းခဲ့ကြောင်း နိုင်ငံပိုင် အိုင်အာရ်အင်အေ သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

သေဆုံး

စစ်ဆင်ရေးတစ်ရပ်တွင် မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်သူ သုံးဦး သေဆုံးသွားပြီး သေနတ် ၂၄၇ လက်ကို သိမ်းဆည်းလိုက်ကြောင်း ပြည်နယ်မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့အကြီးအကဲ ဟာမစ်ဂိုရီ၏ ပြောကြားချက်ကို ကိုးကားလျက် အိုင်အာရ်အင်အေက ဖော်ပြသည်။

မူးယစ်ဆေးဝါးမှောင်ခိုသူနှင့် ဖြန့်ချိသူ ၈၁ ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း ဂိုရီက ပြောကြားသည်။

အီရန်နိုင်ငံတွင် မူးယစ်ဆေးစွဲနေသူ နှစ်သန်းထက်မနည်းရှိကြောင်း တရားဝင်စာရင်းများက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် နီပေါနိုင်ငံအား အကူအညီဆက်လက်ပေးမည်

ခတ္တမန္ဒူ ဇွန် ၂၂

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်ဒီပီ)က ရက်အနည်းငယ်စော၍ နီပေါနိုင်ငံသို့ အကူအညီ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ခတ္တမန္ဒူတွင် တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

နီပေါနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားနေမှုကြောင့် အခြေအနေ ပိတ်ဆို့မှုမရှိပါက ယင်းနိုင်ငံမှ စီမံကိန်းများအတွက် အကူအညီများ ဆက်လက်ပေးမည်ဟု ယူအင်ဒီပီဌာနေ ဒုတိယကိုယ်စားလှယ်ဖြစ်သူ ဂူလမ်အီဆက်ဇယ်က ခတ္တမန္ဒူရှိ ၎င်း၏ရုံးခန်းတွင် သတင်းထောက်များအား ပြောကြားသည်။

မိမိတို့၏ ဝန်ထမ်းများအတွက် ခြိမ်းခြောက်မှုအန္တရာယ်များ ရှိနေပြီး မိမိတို့ ပစ္စည်းဥစ္စာများ ထိခိုက်ပျက်စီးမည်ကို စိုးရိမ်မှုကြောင့် အစီအစဉ်များ ရပ်ဆိုင်းထားခဲ့ရခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နီပေါနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများအား ဖြေရှင်းရာတွင် ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှုရှိ၊ မရှိ သတင်းထောက်များက မေးမြန်းရာ ၎င်းက မိမိတို့အား မေတ္တာရပ်ခံမှု မရှိဘဲ ယင်းကိစ္စတွင် ပါဝင်ပတ်သက်မည်မဟုတ်ကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် မိမိတို့၏ ဖွံ့ဖြိုးရေးအစီအစဉ်များ ဆက်လက်ပေးခြင်းဖြင့် ယင်းပြဿနာ၏တင်းမာမှုကို လျော့ပါးသွားစေရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်း ဖြေကြားသည်။

နီပေါနိုင်ငံ၏ အခြေအနေအား ဆက်လက် သုံးသပ်ခြင်းဖြင့် ကုလသမဂ္ဂက ယင်း၏ဖွံ့ဖြိုးရေး အစီအစဉ်ကို နှစ်လအတွင်း ပြန်လည်သုံးသပ်မည်ဟု ၎င်းက ပြောကြားသည်။

မိမိတို့အနေဖြင့် နီပေါနိုင်ငံအား ပြန်လည်အာရုံစိုက်ပြီး အစီအစဉ်များ ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များ ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း တောင်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော အိုဆာကာမြို့၏ မြို့လယ်ဒေသ တစ်နေရာကို ဇွန် ၂၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနိုင်ငံ၏ တတိယ အသေအပျောက်အများဆုံးရောဂါ လေသင်တုန်းဖြတ်ရောဂါဖြစ်ကြောင်း ဒဗလျူအိပ်ချ်အို ပြောကြား

နယူးဒေလီ ဇွန် ၂၂

လေသင်တုန်းဖြတ်မှုရောဂါသည် အိန္ဒိယနိုင်ငံတွင် နှလုံးရောဂါနှင့် ကင်ဆာရောဂါပြီးလျှင် တတိယသေဆုံးမှုနှုန်းထား အများဆုံးသောရောဂါဖြစ်ကာ ကမ္ဘာတစ်ဝန်းတွင် ဒုတိယလူသေဆုံးမှု အများဆုံးသော ရောဂါဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)၏ လေ့လာရေးစာတမ်းအရ သိရသည်။

နှစ်စဉ်ခံစား

အိန္ဒိယနိုင်ငံ လူဦးရေတစ်သိန်းလျှင် လူ ၁၃၀ ခန့်နှုန်းဖြင့် ၎င်းရောဂါ နှစ်စဉ်ခံစားနေရပြီး နှလုံးရောဂါခံစားနေရသူ ၂၀ ရာနှုန်းခန့်သည် ၎င်းရောဂါခံစားရရန် အလားအလာရှိနိုင်သည်ဟု အင်္ဂါနေ့တွင် ထုတ်ပြန်သည့် ဒဗလျူအိပ်ချ်အို၏ လေ့လာရေးစာတမ်းတွင် ဖော်ပြထားသည်။

ဦးနှောက် လေသင်တုန်းဖြတ်သည့် ရောဂါသည် လူအများစု စိုးရိမ်တကြီးဖြစ်နေသည့် ရောဂါဖြစ်နေပြီး ယင်းရောဂါဖြစ်ပြီး မသေဘဲ အသက်ရှင်ကျန်နေသူ ၇၀ ရာခိုင်နှုန်းအနေဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်စွမ်းမရှိ ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသော အသက်ရှင်ကျန်နေသူများအနေဖြင့် နိစ္စဓူဝကိစ္စများအတွက် လုပ်ကိုင်ရာတွင် အကူအညီ လိုအပ်နေသည်ကို တွေ့ရှိရသည်ဟု လေ့လာရေးစာတမ်းတွင် ပါရှိသည်။

အောက်စီဂျင်နှင့် အာဟာရဖြစ်စေသည့် အရာများအား သယ်ယူပေးသည့် သွေးကြောများသည် ပိတ်ဆို့မှုဖြစ်ပြီး သွေးတော်မွတ်မှုဖြစ်ကာ ဦးနှောက်သို့ သွေးမရောက်တော့ဘဲ လေသင်တုန်းဖြတ်ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ကို ဂုဏ်ပြုကြိုဆို

နိုင်ငံတော်နှင့် ပြည်သူတို့အကျိုး အစဉ်သယ်ပိုးနေသူများ

ဆွေသန့်ကို

"ရဲဘော်တို့မှာ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံတဲ့ သစ္စာတရားဟာ ခိုင်မြဲစွာရှိပြီးဖြစ်တယ်။ ဒါ့အပြင် တပ်မတော်အတွင်းမှာ စစ်မှုထမ်းစဉ်ကာလက တိုင်းရင်းသားပေါင်းစုံ လက်တွဲပြီး တစ်ယောက်ကိုတစ်ယောက် အသက်ပေး ထမ်းဆောင်ခဲ့ကြတာကြောင့် ရဲဘော်စိတ်ကို အခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်ဟာ ခိုင်မာပြီးသားဖြစ်တယ်။ ရဲဘော်တို့ဟာ မြန်မာနိုင်ငံတစ်ဝန်းလုံး တိုင်းနဲ့ ပြည်နယ်အနှံ့ သွားရောက်တာဝန် ထမ်းဆောင်ခဲ့ဖူးတာကြောင့် ဒေသန္တရ ဗဟုသုတတွေလဲ ရရှိခဲ့ကြပြီးဖြစ်တယ်။ နိုင်ငံတော် ကာကွယ်ရေး အတွေ့အကြုံအပြင် တပ်တွင်း စည်းရုံးရေးနဲ့ တပ်ပြင်စည်းရုံးရေး အတွေ့အကြုံတွေနဲ့လဲ ပြည့်စုံကြတဲ့သူ တွေဖြစ်တယ်။ ရဲဘော်တို့ ရှိရင်းစွဲ စွမ်းရည်တွေကို ထုတ်ဖော်အသုံးချမယ်ဆိုရင် အောင်မြင်မှုကို မလွဲမသွေရရှိမှာပဲ ဖြစ်တယ်။ ဒါကြောင့် ဒီတာဝန်အရေးသုံးပါးကို သမိုင်းအခြေအမြစ်နဲ့တကွ စွဲစွဲမြဲမြဲယုံကြည်ပြီး ရောက်လေရာဒေသတိုင်းမှာ ပြည်ထောင်စု စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် တည်ဆောက်ရင်း နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအား မြင့်မားတိုးတက်ရေးအတွက် တက်ညီ လက်ညီ ဆောင်ရွက်ကြဖို့လိုတယ်"

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက၊
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၁)၌ မိန့်ကြားသည့်မိန့်ခွန်းမှ–

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၁)၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုနာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားခဲ့သည့်မိန့်ခွန်းကိုလည်း လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်လျက်ရှိကြသည်။

- **နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ထားလျက် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ တန်းတူပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သွားရန်၊**
- **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိစွာ ပါဝင်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော် အကျိုးပြုလုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်သွားရန်၊**
- **တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ကြသည့် စစ်မှုထမ်းများ၏ မိသားစုဝင်များနှင့် စစ်မှုထမ်းဆောင်စဉ် ရရှိသော ဒဏ်ရာရောဂါကြောင့် ရုပ်ပိုင်း၊ စိတ်ပိုင်း ချို့ယွင်းဆုံးရှုံးသွားသူများနှင့် ယင်းတို့၏ မိသားစုဝင်များအား စောင့်ရှောက်အကူအညီပေးသွားရန်၊**
- **စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အရည်အသွေး တိုးတက်မြင့်မားရေး၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရေး၊ ထိုက်တန်သော အလုပ်အကိုင်ရရှိရေး၊ ခံစားခွင့်ရှိသည့် အကျိုးခံစားခွင့်များ အပြည့်အဝရရှိရေးတို့အတွက် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားရန်**

ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် အသစ်ပြန်လည် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၏ တက်တက်ကြွကြွ စည်းရုံးဆောင်ရွက်မှုကြောင့် ပြည်နယ်နှင့် တိုင်းကြီးကြပ်ရေးကော်မတီ ၁၇ ဖွဲ့၊ ခရိုင်ကြီးကြပ်ရေးကော်မတီ ၆၄ ဖွဲ့နှင့် မြို့နယ်စည်းရုံးရေးအဖွဲ့ ၃၁၃ ဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။

စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး အတွက် အသက်ကို စွန့်လွှတ်ရန် သန္နိဋ္ဌာန်ပြုကာ တပ်မတော်တွင် စစ်မှုထမ်းခဲ့ကြသူများဖြစ်သကဲ့သို့ သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ခဲ့ကြသူများလည်းဖြစ်သည်။ ထို့အပြင် မျိုးချစ်တပ်မတော်သားဘဝကို ခံယူကြပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် ခွဲ၊ လုံ့လ၊ ဝီရိယဖြင့် မမိုတ်မသုန် ဆောင်ရွက်ခဲ့ကြသူများလည်းဖြစ်သည်။ ပင်ပန်းမှု၊ ဆင်းရဲမှု မှန်သမျှကို ရင်ဆိုင်ကျော်လွှားပြီး စွန့်လွှတ်စွန့်စားမှုဖြင့် ပြည်သူ တစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသူ များလည်းဖြစ်သည်။ အလားတူ စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်

တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စွန့်လွှတ်အနစ်နာခံသည့် စိတ်ဓာတ်၊ ရဲဘော်စိတ်ဓာတ် စသည့် စိတ်ထားများဖြင့် တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာများကို စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များက အစဉ်ထမ်းရွက်ထိန်းသိမ်း လျက်ရှိသည်။

ထက်မြက်သည့်အတွက် တပ်မတော်၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သူများလည်းဖြစ်သည်။

စစ်မှုထမ်းဟောင်းများ၏ ဂုဏ်ပုဒ်ကို ဖွဲ့ဆိုရသော် လွန်စွာမှပင် ကျယ်ဝန်းများပြားလှပေသည်။

ထိုမည်သော အရည်အချင်းကောင်း၊ အရည်အသွေးကောင်းများဖြင့် ပြည့်ဝနေသော စစ်မှုထမ်းဟောင်းများဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် အမျိုးသားနိုင်ငံရေးတာဝန်၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်၊ စီးပွားရေးတာဝန်၊ လူမှုရေးနှင့် သက်သာချောင်ချိရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များကို တစ်တပ်တစ်အား ဆက်လက်ထမ်းရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ထို့အပြင် စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်သည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင်လည်း ကျရာကဏ္ဍမှ ပါဝင်ထမ်းရွက်လျက်ရှိသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော်၏ ဦးတည်ချက် ၁၂ ရပ်၊ ပြည်သူ့သဘောထားလေးရပ်နှင့် ပုဂံတွင်ကျင်းပခဲ့သော လူထုအစည်းအဝေးကြီးက ချမှတ်ခဲ့သည့် သန္နိဋ္ဌာန်ခြောက်ရပ်တို့ကို အမျိုးသားနိုင်ငံရေးတာဝန်အဖြစ် ခံယူကျင့်သုံးကာ ယင်းကဲ့သို့ ပါဝင်ပူးပေါင်း ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်တို့သည် အမျိုးသားနိုင်ငံရေးနှင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးလုပ်ငန်းစဉ်များတွင် ထက်ထက်မြက်မြက် ဆောင်ရွက်နေသကဲ့သို့ စီးပွားရေးလုပ်ငန်းစဉ်များတွင်လည်း ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ထို့အပြင် စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်တို့သည် အမျိုးသားနိုင်ငံရေး ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝခိုင်မာရေးအတွက် အစဉ်လေ့ကျင့်လျက်ရှိရုံသာမက ကာကွယ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲရေးစွမ်းရည်တို့ထက်မြက်ရေးအတွက်လည်း အစဉ်အမြဲလေ့ကျင့်လျက်ရှိသည်။

တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စွန့်လွှတ် အနစ်နာခံသည့် စိတ်ဓာတ်၊ ရဲဘော်စိတ်ဓာတ် စသည့် စိတ်ဓာတ်များဖြင့် တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာများကို စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များက အစဉ်ထမ်းရွက် ထိန်းသိမ်းလျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

သို့ဖြစ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် အဖွဲ့ကချမှတ်ထားသော ရည်ရွယ်ချက်များ၊ အခြေခံလုပ်ငန်းစဉ်များကို တစ်သဝေမတိမ်းလိုက်နာ ဖော်ဆောင်ကာ နိုင်ငံတော်နှင့်ပြည်သူတို့အကျိုးအတွက် ကျရာ ကဏ္ဍအသီးသီးမှ အစဉ်နိုးကြားတက်ကြွစွာ သယ်ပိုးဆောင်ရွက်နေကြမည်ဟု ယုံကြည်ပါကြောင်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသတည်း။ ။

အေးမြချမ်းသာမဟာစည်ရိပ်သာ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီး၊ ဗိုလ်ခန့်လမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၀ရက် (ဝါဆိုလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံများ လှူဒါန်းရန် နှီးဆော်ထားသည်။ ဝါတွင်း တရားစခန်းဝင်ကြမည့် ယောဂီများ ဝါဆိုလပြည့်နေ့တွင် စတင်ဝင်နိုင်ပြီး ရိပ်သာဖုန်း–၅၈၁၀၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် (၅၅)လမ်းထောင့်၊ အမှတ် (၇၄/၇၆) အခန်း(၂၁) နေ ဦးစိုးဝင်း၊ ဒေါ်သန်းသန်းလှိုင်မိသားစုက ငွေပဒေသာပင် ကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅–၆–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	**ဆရာတော်ဦးဃောသိတ တရားတော် –ဝိသုဒ္ဓိ(၇)ပါး၊ ရထား(၇)စီး ဥပမာ**
၉:၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	**အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် – 'The Psychology of Communication. (ဒုတိယနှစ်–စိတ်ပညာ)**
၅:၃၀	၇။	ကြည်နူးရှွင်ပျော်တေးသရုပ်ဖော်
၅:၄၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ကြမ္မာ" (အပိုင်း–၃၅)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူသူရဲကောင်း" (အပိုင်း–၂၁)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

နိုးကြားရှင်သန် အမာခံ

✪ အမိန့်ကို နာခံတတ်
စိတ်ဓာတ်က စိန်ကျောက်ပမာ၊
ပြည့်သစ္စာ စောင့်သိမြဲ
ဖွဲ့က ခိုင်မာ၊
သတ္တိနဲ့ ဗျတ္တိယှဉ်ကာ
ပြည့်ဝစွာ လေ့ကျင့်သား။
တိုက်စွမ်းရည် မြင့်မြင့်မား
ဒေါင်ဒေါင်မြည် ပြည်ချစ်သား
စွန့်လွှတ်စွန့်စား။

✪ ပြည်ထောင်စု မပြိုကွဲရေး
သက်ပေးလို့ ကာကွယ်မှာ၊
ရန်တကာ အမှုမထား
ကျော်လွှားခါခါ၊
စည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာ
စောင့်စည်းကာ တလေးတစား။
"ရဲဘော်စိတ်"ခါးဝတ်အလား
တူညီစွာ ဝတ်ဆင်ထား
အသက်ပေး တွယ်တာအား
ပြန်လှန်လေးစား။

✪ အကြောင်းစုံ အရွယ်ညောင်းလို့
"မှုထမ်းဟောင်း" အသွင်ယူကာ၊
အရွယ်သာ ညောင်းသော်ငြား
စိတ်အားက မာ၊
ရင့်ကျက်သည့် တွေ့ကြုံများစွာ
ခေတ်မီကာ ဘယ်မဟောင်း။
မျှဝေကာ စေတနာကောင်း
တိုင်းပြည်ရှာ သာစေကြောင်း
လက်တွဲပူးပေါင်း။

✪ တပ်မတော် ဦးဆောင်မှု
ဂရုပြုခံယူပါ၊
လက်တွဲကာ ညီနောင်များနှင့်
စိတ်ထားညီညာ၊
လုံခြုံမှု ကာကွယ်စရာ
စုစည်းကာ ကျစ်လျစ်ထား။
အမာခံ အရန်အင်အား
မျိုးချစ်စိတ် နှလုံးသား
ပြည်ထောင်စု မြတ်စိတ်ထား
ရှင်သန်နိုးကြား။

✪ အမျိုးသား နိုင်ငံ့အကျိုး
"ပြည်ခိုင်ဖြိုး"ရှေ့ဆောင်ကာ၊
တွဲလက်မကွာ ညီနောင်တပ်
"မီးသတ်"လည်းပါ၊
"စစ်မှုထမ်းဟောင်း"ညီညာ
သွေးစည်းကာ မခိုတမ်း။
"ကြက်ခြေနီ"တူတူလှမ်း
"အမျိုးသမီးရေးရာ" တစ်ရွက်တစ်ထမ်း
"မိခင်ကလေး"ရင်ပေါင်တန်း
ပန်းတိုင်သို့လှမ်း။ ။

[မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅)ကို ဂုဏ်ပြုကြိုဆိုလျက်...]

ကျော်စောဟန်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်း၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မြန်မာ့မီးရထားနှင့် လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိလာကြသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ရန်အတွက် ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ထိုသို့ရောက်ရှိကြရာ နံနက်ပိုင်းတွင် မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်သိန်း ခေါင်းဆောင်သော မန္တလေးတိုင်းမှ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် ခေါင်းဆောင်သော စစ်ကိုင်းတိုင်းမှ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူး ကြီး ကျော်ရွှေ ခေါင်းဆောင်သော ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စစ်မှုထမ်း ဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ် များ၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူး ကြီး မောင်မြို့ ခေါင်းဆောင်သော ကချင်ပြည်နယ်မှ စစ်မှုထမ်းဟောင်း အဖွဲ့ ညီလာခံကိုယ်စားလှယ်များနှင့် ချင်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူး ကြီးအုန်းမြင့်ဦး ခေါင်းဆောင်သော ချင်းပြည်နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ကိုယ်စားလှယ်များသည် မြန်မာ့မီးရထားဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါညီလာခံကိုယ်စားလှယ်များ အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)ကျင်းပရေး၊ ဖိတ်ကြား ရေး၊ ကြိုဆိုနေရာချထားရေးနှင့် ကိုယ်စားလှယ် စိစစ်ရေးဆပ်ကော်မတီ ဝင်၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်နှင့် တာဝန်ရှိသူများ၊ စက်မှုလယ်ယာ ဦးစီးဌာနညွှန်ကြား ရေးမှူးချုပ် ဦးဝင်းမော်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ နှင့် လူမှုရေးအသင်းအဖွဲ့များက ရန်ကုန် ဘူတာကြီးတွင် ကြိုဆိုကြပြီး တာဝန် ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ကိုယ်စားလှယ်များ ခေတ္တ တည်းခိုမည့် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)သို့ ပို့ဆောင်နေရာချထားပေးကြသည်။

အလားတူ တနင်္သာရီတိုင်း ကော့သောင်းခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း ခေါင်းဆောင် သော ကော့သောင်းခရိုင်မှ စစ်မှုထမ်း ဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ် များသည် နံနက် ၉နာရီ ၄၅မိနစ်တွင် လည်းကောင်း၊ ထားဝယ်ခရိုင် စစ်မှု ထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုခေါင်းဆောင်သောထားဝယ် ခရိုင်မှ စစ်မှုထမ်းဟောင်း အဖွဲ့ညီလာခံ ကိုယ်စားလှယ်များသည် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကျော် ခေါင်းဆောင် သော ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ကိုယ်စားလှယ်များသည် ညနေ ၃နာရီခွဲ တွင်လည်းကောင်း လေကြောင်းခရီးစဉ် များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာ ကြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ညီလာခံ (၂၀၀၅)ကျင်းပရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး နှင့် ကိုယ်စားလှယ်စိစစ်ရေး ဆပ် ကော်မတီဝင်၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဆပ် ကော်မတီမှ တာဝန်ရှိသူများ၊ မင်္ဂလာဒုံ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီမှ တာဝန်ရှိသူများ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ မြို့နယ်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တို့မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ⇨

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ရန်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ရန်အတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ညီလာခံကိုယ်စားလှယ်များ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ဘုရင့်နောင်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပါးသူများကို အားကိုး၍မရ မိမိကိုယ်ကိုယ်သာ အားကိုးရမည်ဆိုသောစိတ်ဓာတ်ကို အမြဲမွေးမြူ

✻ ရှေ့ဖုံးမှ

မိုးစပါးဧက ၁၁၂၁၂၄ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် သတ်မှတ်မိုးစပါးပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ယင်းသို့ စိုက်ပျိုးနိုင်ရေးအတွက် ဆည်၊ကန်၊ငယ်များ ပြုပြင်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းက သတ်မှတ်လျာထားဧက ပြည့်မီရေးအတွက် ဆည်ရေ၊ မြစ်ရေတင်၊ မိုးကောင်းသောက်နှင့် အခြားနည်းလမ်းများကို အသုံးပြု၍ စိုက်ပျိုးရေရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးဇော်ညွန့်က လာမည့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးသတ်မှတ်လျာထားချက်ဧကထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများနှင့် ယင်းသို့ ပြည့်မီကျော်လွန်ရေးအတွက် မြေအမျိုးအစားအလိုက် ခွဲခြားစိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းက မြင်းခြံခရိုင်အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါး ၄၄၅၃၈ဧကေ စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးဧက ၆၄၀၀၀ ကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ရေးအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများမှ ရေကိုနည်းမျိုးစုံဖြင့် ရယူသုံးစွဲသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက ညောင်ဦးခရိုင်၌ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန်ဧက ၂၅၀၀လျာထားခဲ့ရာ ၂၅၀၄ဧကထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် လျှပ်စစ်မြစ်ရေတင်မှုရရှိသည့် စိုက်ပျိုးရေဖြင့် မိုးစပါး စိုက်ပျိုးရန်လျာထားသည့် ဧက ၆၈၀၀ ထက်ကျော်လွန်၍ ဧက ၇၅၀၀အထိ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးဧက ၄၂၇၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လာမည့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် သတ်မှတ်လျာထားသည့် ဧက ၄၄၄၆၀ ပြည့်မီအောင် စိုက်ပျိုးသွားရန် စီစဉ်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မန္တလေးတိုင်းအနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ၁၀သိန်း ပြည့်မီရေးအတွက် ၂၀၀၄-၂၀၀၅ မှစတင်ခဲ့ရာ ယင်းနှစ်တွင် သတ်မှတ်ဧကပြည့်မီမှုမရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၈၇၄၆၀၀ကျော် သတ်မှတ်လျာထားခဲ့သော်လည်း ပြန်လည်စိစစ်ကြည့်ရာ လျော့နည်းနိုင်သည့်အတွက် သတ်မှတ်ဧက ပြည့်မီရေးအတွက် ထပ်မံကြိုးပမ်းနေမှုများ၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် လျာထားချက်ပြည့်မီရေးအတွက် တိုင်းအတွင်း ဆည်၊ကန်၊ငယ်များဖော်ထုတ်ခြင်း၊ ရေရရှိအောင် ဆောင်ရွက်ခြင်း၊ လယ်မြေသစ်များ ဖော်ထုတ်ခြင်းနှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက မန္တလေးတိုင်း ဝမ်းစာစပါး ဖူလုံစေရေးအတွက် မန္တလေးတိုင်း မိတ္ထီလာခရိုင်ကို အထူးစီမံကိန်း ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်း၌ သုံးနှစ်အတွင်း မိုးစပါးဧက ၁၀သိန်း ပြည့်မီအောင် လျာထားခဲ့သော်လည်း ၂၀၀၄-၂၀၀၅ခုနှစ်တွင် သတ်မှတ်လျာထားသည့် ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း။

ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မည်သည့်ဒေသတွင် လယ်မြေ မည်မျှဖော်ထုတ်နိုင်မည်၊ မည်မျှ စိုက်ပျိုးနိုင်မည်ကို စာရင်းဇယားဖြင့် ကျေနပ်မနေဘဲ တာဝန်ရှိသူများက ကိုယ်တိုင်ကွင်းဆင်းကြည့်ရှု စစ်ဆေးရန်လိုကြောင်း၊ တွေ့ရှိသည့်လယ်မြေများကိုလည်း ပီပီပြင်ပြင် စိုက်ပျိုးသွားရန်လိုကြောင်း၊ ဧကပြည့်မီရေးအတွက် အဟောင်းဖော်ထုတ်ခြင်း၊ အသစ်ရှာဖွေခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း သီးနှံအထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာသာမက သဘာဝမြေဩဇာကိုပါ ပူးတွဲသုံးစွဲခြင်းစသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းတိုးတက်ပြီး ဒေသဝမ်းစာ ဖူလုံလာရုံမက ပိုလျှံလာမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့လုပ်ငန်းကို အမြဲစိတ်ဝင်တစား ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပါးသူများကို အားကိုး၍မရကြောင်း၊ မိမိကိုယ်ကိုယ်သာ အားကိုးရမည်ဆိုသော စိတ်ဓာတ်ကို အမြဲမွေးမြူထားရန်လိုကြောင်း။

လယ်မြေများမပျောက်ပျက်ရေး

လယ်မြေများ မပျောက်ပျက်ရေးအတွက် လယ်မြေများကို အခြားနည်းလမ်းဖြင့် သုံးစွဲခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လမ်းဘေးအရိပ်ရသစ်ပင်များ စိုက်ပျိုးရာတွင် သတ်မှတ်အကွာအဝေးအတိုင်း စနစ်တကျစိုက်ပျိုးရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထူးသဖြင့် မိုးစပါးဧက ၁၀သိန်း ပြည့်မီရေး၊ ဒေသဝမ်းစာ ဖူလုံပိုလျှံရေးကို အစဉ်အာရုံသွင်း၍ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နယ်မြေအနှံ့ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်းတည့် ၁၂နာရီတွင် မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ သွားရောက်ပြီး နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ၊ မဟာနာယက ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဝါဆိုဆရာတော် ဘဒ္ဒန္တ အဂ္ဂိယအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်သို့ သွားရောက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မစိုးရိမ်တိုက်သစ် နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

လျှောက်ထား

ထို့နောက် အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့မှတစ်ဆင့် စစ်ကိုင်းတံတားထိပ်သို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ယင်းနောက် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း (စစ်ကိုင်းဘက်ကမ်း) လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း (စစ်ကိုင်းဘက်ကမ်း) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက စစ်ကိုင်းဘက်ကမ်းရှိ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း(မန္တလေးဘက်ကမ်း) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်ကမ်းရှိ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းဘက်ကမ်းရှိ တိုင်အမှတ် RP 6 မှ RP 5 သို့ ပင်မတံတားသံပေါင်တပ်ဆင်ရေးအတွက် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ပင်မတံတားတိုင်များ

ဧရာဝတီတံတား(ရတနာပုံ)မှာ စစ်ကိုင်းဘက်ကမ်းတွင် ပင်မတံတားတိုင်များ တည်ဆောက်ခြင်းလုပ်ငန်း ၉၇ဒသမ ၅ရာခိုင်နှုန်း၊ ချဉ်းကပ်တံတား ကွန်ကရစ်ကြမ်းခင်း တည်ဆောက်ခြင်းလုပ်ငန်း ၈၁ ဒသမ ၆၂ ရာခိုင်နှုန်း၊ ပင်မတံတားတွင် သံပေါင်တပ်ဆင်ခြင်း ၄၈ဒသမ ၃၁ရာခိုင်နှုန်း၊ ပင်မတံတားတွင် ကြမ်းခင်းခြင်း ၁၉ဒသမ၈၉ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မန္တလေးဘက်ကမ်းတွင် ပင်မတံတားတိုင်များ တည်ဆောက်ခြင်းလုပ်ငန်း ၇၅ရာခိုင်နှုန်း၊ ချဉ်းကပ်တံတား ကွန်ကရစ်ကြမ်းခင်းခြင်းနှင့် လက်ရမ်း တည်ဆောက်ခြင်းလုပ်ငန်း ၆၄ဒသမ၇၀ရာခိုင်နှုန်း၊ ပင်မတံတား သံပေါင်တပ်ဆင်ခြင်း ၄၆ဒသမ၈၉ရာခိုင်နှုန်း၊ ပင်မတံတားတွင် ကြမ်းခင်းနှင့်လူသွားလမ်း တည်ဆောက်ခြင်း ၁၃ဒသမ၁၄ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကန်ပတ်လမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်အနီး တောင်သမန်အင်း ကန်ပတ်လမ်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်သမန်အင်း ရတနာပုံတက္ကသိုလ် အဝင်လမ်း ရေတိုက်စားမှုမရှိစေရေးအတွက် ကန်ပတ်လမ်း၌ ကွန်ကရစ်ကျောက်ရိုးနံရံ တည်ဆောက်ခြင်းနှင့် ကျောက်ရိုးနံရံအတွင်းဘက်၌ မြေသားဖြည့်သွင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ အဆိုပါကျောက်ရိုးနံရံတည်ဆောက်ခြင်းလုပ်ငန်းမှာ ယခုအခါ ပေ ၁၀၀၀ ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန်ရှိ သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်း၊ ပုံဖိစက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း၌ သံရည်ကျိုပုံလောင်းခြင်းနှင့် စက်ရုံအတွင်းရှိ စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က စက်ရုံတည်ထောင်မှု၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်မှုဇုန်ရှိ လုပ်ငန်းများ အောင်မြင်ရေးအတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်ရုံများမှထွက်ရှိသည့် ရေဆိုးများကို စွန့်ပစ်ရာတွင် စနစ်တကျပြုလုပ်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၇နာရီ မိနစ် ၂၀ တွင် မန္တလေးနန်းတွင်းရှိ အစည်းအဝေးခန်းမဆောင်၌ မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်ပါ ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများက သက်သာချောင်ချိရေးအတွက် မှန်ကန်စွာ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိသားစုများကလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၃ရက် နံနက် ၇နာရီတွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်း၊ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာတိုးလွင်နှင့် ဆရာဝန်များ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် မစိုးရိမ်ကျောင်းတိုက် ဝိနယနယူပဒေသကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသာမိဘိဝံသအား ဖူးမြော်ကန်တော့ပြီး ကျန်းမာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

➪ စာမျက်နှာ ၇ မှ

ကြကာ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်နေရာချထားပေးကြသည်။

အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)သို့ ယနေ့ ညနေပိုင်းထိ ရန်ကုန်တိုင်းမှ ညီလာခံကိုယ်စားလှယ် ၅၀၊ ကရင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ၁၁ဦး၊ ပဲခူးတိုင်း(အရှေ့)မှ ညီလာခံကိုယ်စားလှယ် ၁၇ဦး၊ ပဲခူးတိုင်း(အနောက်)မှ ညီလာခံကိုယ်စားလှယ် ၁၇ ဦးနှင့် မွန်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ၁၃ ဦးတို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇွန်လ (၂၁)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၉၅၇၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကျေးလက်နေပြည်သူများအတွက် စာအုပ်၊ စာစောင်များ လက်လှမ်းတမီတွင် ရှိစေရေးနှင့် စာဖတ်မှုအလေ့အကျင့် ကျယ်ကျယ်ပြန့်ပြန့် ရရှိအောင် ကျေးရွာစာကြည့်တိုက်များ ထူထောင်ပေးနေ

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❋ **ကျေးလက်နေပြည်သူများမှ**

စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ ပုဂ္ဂလိကစာပေတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးတို့တွင် သာမက အရာရာတွင်ပညာနှင့် နည်းပညာကို စေစားအသုံးပြုနေသော အချိန်အခါဖြစ်ကြောင်း။

နောင်အနာဂတ်တွင် ယခုထက် ပိုမို၍ ပညာနှင့် နည်းပညာတို့ကို စေစားလုပ်ဆောင်ကြဦးမည် ဖြစ်ရာ မိမိတို့နိုင်ငံအနေဖြင့် ပညာနှင့် နည်းပညာပိုင်းတွင် နောက်မကျရအောင် တစ်နည်းအားဖြင့် မိမိတို့နိုင်ငံပြည်သူတစ်ရပ်လုံး၏ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုခိုင်မာအားကောင်းအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါနငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင်အလှူရှင်တစ်ဦး လှူဒါန်းသော စာအုပ်များကို လက်ခံယူစဉ်။ (သတင်းစဉ်)

လမ်းညွှန်ထား

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေက မိမိတို့နိုင်ငံ၏ လူ့ဘောင်ကို Life Long Learning Society **"အမြဲ သင်ယူ လေ့လာနေသည့် လူ့ဘောင်"**ဖြစ်လာအောင် ကြိုးပမ်းတည်ဆောက်ရမည်ဟု လမ်းညွှန်ထားပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မိမိတို့နိုင်ငံတွင် လူငယ်လူရွယ်များမှစ၍ လူကြီးများအထိ ပညာနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရန် တစ်နည်းအားဖြင့် မိမိတို့နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန် အဘက်ဘက်မှ မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် လူငယ်လူရွယ်များ အသိဉာဏ်ပညာ မြင့်မားတိုးတက်စေရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများက ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရပ်များကို ဆည်းပူးလေ့လာသင်ယူနိုင်ရန်အထိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ မိမိတို့နိုင်ငံတွင် အခြားဖွံ့ဖြိုးပြီး နိုင်ငံအချို့၌ပင် မထူထောင် မဖွင့်လှစ်နိုင်သေးသော ရေကြောင်းပညာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ပညာရပ်များကိုပင် သီးသီးသန့်သန့် ဖွင့်လှစ်ပို့ချပေးနိုင်ပြီဖြစ်ကြောင်း။

အသိပညာဖွံ့ဖြိုးရေး

တစ်ဖက်မှလည်း ကျေးလက်နေပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများအတွက် စာအုပ်စာစောင်များ လက်လှမ်းတမီတွင် ရှိစေရေးနှင့် စာပေဖတ်ရှုမှု အလေ့အကျင့် ကျယ်ကျယ်ပြန့်ပြန့် ရရှိလာအောင် ကျေးရွာစာကြည့်တိုက်များကို ထူထောင်ပေးနေခြင်းဖြစ်ကြောင်း။

ယခုအခါမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာအားလုံး၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုကြီး ၁၃၄၇၈ ခုတွင် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အထိ ကျေးရွာအုပ်စုရွာကြီးများနှင့် အုပ်စုဝင် ကျေးရွာပေါင်း ၁၉၅၇၅ ရွာတို့တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ထားပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသော ကျေးရွာများကိုလည်း ၂၀၀၅-၂၀၀၆ ခုနှစ်အပြီး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အောင်မြင်မှုများတိုးတက်ရရှိ

ယင်းသို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရာတွင် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်ပြည်သူများ၏အား ဟူသော အားသုံးအားဖြင့်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ တိုးတက်ရရှိလာသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ဆက်လက်၍လည်း ဤအားသုံးအားဖြင့် ရည်မှန်းချက်ပြီးမြောက်သည်အထိ အောင်အောင်မြင်မြင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အတူ မိမိတို့အနေဖြင့် ဤ အားသုံးအား၏ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်သွားမည်ဖြစ်ရာ နိုင်ငံတော်၏ကြီးမားသည့် အမျိုးသားရေးလုပ်ငန်းကြီးများကိုပါ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

စေတနာရှင် အလှူရှင်များ ဝမ်းမြောက်ကြည်နူးနိုင်စေရန် ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရန်အတွက် စာအုပ်စာတမ်းများနှင့် ငွေပဒေသာပင် လှူဒါန်းခြင်း အခမ်းအနားများ ကျင်းပခြင်းနှင့် လက်ခံရရှိ ဆောင်ရွက်ပြီးစီးမှုကို တင်ပြရလျှင် ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ အလှူရှင်ပေါင်း ၆၄၇ ဦးတို့က စာအုပ်စာစောင် ပေါင်း ၄၂၈၂၄၂ အုပ်၊ တန်ဖိုးငွေကျပ် ၄၉၅ သိန်းကျော်၊ ငွေသား ၁၈၂၉၉၈၂၉ ကျပ် လှူဒါန်းခဲ့ကြရာ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ်သိန်း ၇၀၀ ကျော် ဖြစ်ကြောင်း၊ ထို့အပြင် စစ်ကိုင်းတိုင်း မုံရွာမြို့မှ စေတနာရှင် ပြည်သူများက စာအုပ်စာစောင်ပေါင်း ၄၀၁၅၆ အုပ်၊ တန်ဖိုးအားဖြင့် ငွေကျပ် ၄၃ သိန်းကျော်၊ ငွေပဒေသာပင် အလှူငွေကျပ် ၅၄၅၉၅၀၀ နှင့် FEC 500 လှူဒါန်းခဲ့ကြကြောင်း။

လုပ်ငန်းစဉ်သုံးရပ်

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေ ပြည်သူများအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးလျက်ရှိရာတွင် ကျေးလက်နေပြည်သူများ စာဖတ်သည့် အလေ့အကျင့် ရှိလာစေရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့၍ ပိုမိုတိုးတက်အောင် အလှူရှင်စေတနာရှင်များ၏ ယခုကဲ့သို့သော လှူဒါန်းမှုများဖြင့် ငွေပဒေသာပင်များ စိုက်ထူထားရေး၊ စာကြည့်တိုက်များတွင် သင့်လျော်သော အဆောက်အအုံ၊ ပရိဘောဂနှင့် ကျွမ်းကျင်သော စေတနာရှင် စာကြည့်တိုက်မှူးများ ရှိလာအောင် ဆောင်ရွက်ထားရှိရေး စသည့် လုပ်ငန်းစဉ်သုံးရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကျေးရွာအားလုံး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးဖြစ်ရန် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်ပြည်သူများ၏ အားတို့ဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ရာ စေတနာရှင် ပြည်သူများအနေဖြင့် ယခုကဲ့သို့ပင် ဆက်လက်ပါဝင်ကူညီ လှူဒါန်းကြပါရန်နှင့် ယခုလှူဒါန်းမှုများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါနငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင်အလှူရှင်တစ်ဦး လှူဒါန်းသော စာအုပ်များကို လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၀ ၇။ တေးဂီတအစီအစဉ်
၈:၁၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၈:၂၀ ၉။ ဂုံညင်းတန်းတံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Grammar Made Easy.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းစား" (အပိုင်း-၁၄)**
၁:၀၅ ၆။ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဝတ်စားဆင်ယင်မှုပြပွဲ
၂:၂၀ ၇။ သူ့ကျွန်မခံမြန်မာအမျိုးသမီးများ၏ အားမာန်
၂:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၅ ၉။ International News.
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ နားဝင်ပီယံသူ့လက်သံ
၅:၂၅ ၇။ အကပြိုင်ပွဲ
၅:၃၅ ၈။ တေးဂီတအစီအစဉ်
၅:၅၀ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
၆:၁၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၆:၂၀ ၁၁။ ကဗျာပန်းဥယျာဉ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Discovery.
၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း-၃၃)**
၇:၃၅ ၁၆။ တေးဂီတအစီအစဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ"(အပိုင်း-၅၂)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီးမှ ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များကလှူဒါန်းသော မဂ္ဂဇင်း၊ စာစောင်နှင့် သုတ၊ ရသ စာအုပ်မျိုးစုံ ၁၅၃အုပ်ကို လက်ခံယူစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင် Eden Group Co., Ltd. **မှ လှူဒါန်းသော ငွေကျပ်သိန်း ၄၀ကို လက်ခံယူစဉ်။** (သတင်းစဉ်)

● **စာမျက်နှာ ၉မှ**

ထို့နောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များဖြစ်ကြသော Asia World Co., Ltd. မန်နေဂျာ ဦးသန်းမြင့်က ငွေကျပ်သိန်း၄၀၊ Eden Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်ကိုယ်စား မန်နေဂျာဦးသန်းဦးက ငွေကျပ်သိန်း ၄၀၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာနမှ Nipponia စာအုပ် ၁၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စား ဒေါ်ကြည်ကြည်ဝင်းက သတင်းလွှာများစောင်ရေ ၁၅၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီးမှ ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များက မဂ္ဂဇင်း၊ စာစောင်နှင့် သုတ၊ ရသစာအုပ်မျိုးစုံ ၁၅၃ အုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒေါ်တင်တင်မြန့်နှင့် ဒေါ်သိန်းသိန်းဌေးတို့က သုတ၊ ရသ စာအုပ်မျိုးစုံ ၈၀၉အုပ်၊ ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန ဌာနမှူး ပါမောက္ခ ဒေါ်စိန်စိန်မြင့်က ဒဂုံတက္ကသိုလ်မဂ္ဂဇင်း ၁၅၀၀၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (အငြိမ်းစား)က ဗုဒ္ဓစာဥယျာဉ် အမှတ်(၂)နှင့် လွင် ၂၀ အလွမ်း စာအုပ် ၁၅၀၊ ဦးစိန်လွင်(နိုင်ငံတော်သမ္မတ-အငြိမ်းစား)နှင့် ဇနီး ဒေါ်တင်တင်လှိုင်မိသားစုကိုယ်စား ဦးလှဝေက သုတ၊ ရသ စာအုပ်မျိုးစုံ ၆၁၅၁အုပ်၊ စိတ်ကူးချိုချိုစာပေမှ ဦးစန်းဦးက သုတ၊ ရသ စာအုပ်မျိုးစုံ ၇၂၂၀၊ ဦးစိုင်းဖေဝင်းက ဂျာမန်-အင်္ဂလိပ် အဘိဓာန်နှင့် သဘောတူညီချက်စာချုပ် သုံးအုပ်၊ တူဒေးစာနယ်ဇင်းထုတ်ဝေရေးလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာသာထွန်းဦးကိုယ်စား ဦးသက်လွင်က Life Style၊ ဒီဃာယုနှင့် ပလုတ်တုတ်မဂ္ဂဇင်းမျိုးစုံ ၁၄၀၀၊ Quality Publishing House မှ ဦးမြင့်ထွန်း-ဒေါ်ခင်မာရွှေတို့က သုတ၊ ရသ စာအုပ်မျိုးစုံ ၁၃၉၀၊ ကောင်းသန့်စာပေမှ ဦးကောင်းသန့်ကိုယ်စား ဦးသိန်းလွင်က နရီသစ်မဂ္ဂဇင်းနှင့် The Best English စာအုပ် ၁၁၅၂အုပ်၊ အပ္ပမာဒဓမ္မစာစဉ်မှ ဦးမြသန်းစံက အပ္ပမာဒဓမ္မရသမဂ္ဂဇင်း ၃၀၀၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက နှစ်လည်မဂ္ဂဇင်း၂၅၀၀၊ သုတစွယ်စုံ စာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာ ခင်မိုးမိုးတို့က ဂျာနယ်မျိုးစုံ ၁၂၀၀၊ Mega Products Ltd. မှ ဦးကျော်ကိုကိုက မဂ္ဂဇင်းစုံ ၉၅၄အုပ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ဦးမောင်မောင်သိန်းက သုတ၊ ရသ စာအုပ်မျိုးစုံ ၁၉၈၂အုပ်၊ ကံ့ကော်ဝတ်ရည်စာပေတိုက်မှ ဦးကျော်ဇင်-ဒေါ်ဝိုင်းဝိုင်းတို့က ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း အုပ်ရေ ၇၀၀၊ လှည်းတန်းလမ်းမှ ဦးသက်ဇော်-ဒေါ်ထားထားနွယ် မိသားစုက မဂ္ဂဇင်းစုံ ၃၈၆ အုပ်နှင့် ငွေကျပ် တစ်သိန်း၊ ကနောင်မဂ္ဂဇင်းတိုက်မှ ဦးတင်အောင်ရွှေက မဂ္ဂဇင်းနှင့် ဂျာနယ် ၄၅၃၉အုပ်၊ မဇ္ဈိမပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာမှ အရှင်သုမတိ(သုသဒ္ဓမ္မရံသီ)ကိုယ်စား ဦးသိန်းလှိုင်က ဆန်လေတဲ့သည်ရေ စာအုပ် ၃၀၀၊ ကျောက်မြောင်း သုခလမ်းမှ ဒေါ်စံစံသိန်းက English Grammar အင်္ဂလိပ်စာဖတ်ရေးနည်းစာအုပ် ၅၀၀၊ ပညာအလင်းပြစာပေနှင့် ပုံနှိပ်တိုက်မှ ဦးအုန်းမောင်က သုတ၊ ရသ စာအုပ်မျိုးစုံ ၅၅၁အုပ်၊ လမ်းမတော်မြို့နယ်မှ ဦးခင်မောင်-ဒေါ်ခင်စိန်နှင့်သား မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းဝင်းတို့က သုတ၊ ရသ စာအုပ်မျိုးစုံ ၃၅၀၊ မီးအိမ်ရှင်စာအုပ်တိုက်မှ ဒေါက်တာယဉ်မင်းဦး(ခ) ဒေါက်တာနိုက်တင်ဂေးလ်က အမူအရာ အနုပညာနှင့် အက်တိုးပစ်အမျိုးစင် အုပ်ရေ ၁၁၀နှင့် ရာမဦးအုန်းမောင်က "မြန်မာကျေးလက်ဒေသရှိ ဟင်းသီးဟင်းရွက်များတို့၏ အစွမ်းသတ္တိနှင့် ကျန်းမာအောင် စားသုံးနည်း" စာမူတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လက်ခံယူပြီး အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပုတူးတူးလေးစာအုပ်တိုက်မှ ဦးသန်းနိုင်(မြတ်သူစံ)က ပုတူးတူးလေးစာအုပ် ၂၀၀၊ ဂျိုးဖြူစာအုပ်တိုက်ကိုယ်စား မန်နေဂျာ ဦးသန်းအေးက ဆောင်းပါးပေါင်းချုပ်စာအုပ် ၁၅၀၊ နှလုံးအိမ်မဂ္ဂဇင်းတိုက်မှ မသီတာစိုးက Heart မဂ္ဂဇင်း ၇၂၆အုပ်၊ ဦးအေးချစ် (ညွှန်ကြားရေးမှူး အငြိမ်းစား)MICS-ဒေါ်ရင်လှတို့က သုတ၊ ရသ စာအုပ်မျိုးစုံ ၁၇၆အုပ်နှင့် ငွေကျပ် ၅၀၀၀၀၊ သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်ခင်(မောင်ရင့်ကျူး-မြောင်းမြ)က "မိခင်ကောင်းတစ်ယောက်ဖြစ်ဖို့ ချစ်သမီးဖို့" စာအုပ် ၁၀၀၊ ထိပ်တန်းစာပေမှ ဦးမိုးမြင့်မောင်က အင်္ဂလိပ်မဂ္ဂဇင်း ၅၀၀၊ ဦးကံလှ(၄၂)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်က "အောင်မြင်သူတို့၏အပြုအမူ" စာအုပ် ၁၀၀၊ ဦးညွှန့်ရီ-ဒေါ်တင်တင်လှ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်က သုတ၊ရသ စာအုပ်မျိုးစုံ ၁၀၃၅အုပ်၊ ရွှေမင်းသားအကျိုးဆောင်ကုမ္ပဏီမှ ဦးမြတ်သူဝင်းကိုယ်စား ဦးချမ်းမင်းဟန်က မဂ္ဂဇင်းမျိုးစုံ ၄၀၂အုပ်နှင့် ဘုရားပုံတော် ၆၀၀၀၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးမြင့်ကြိုင်က ယဉ်ကျေးလိမ္မာစာအုပ် ၂၀၀၊ ဦးလှရွှေ (နတ်မောက်-လှရွှေ) က "လူကောင်းလူတော် ဒို့ရည်မျှော်" စာအုပ် ၁၀၀၊ ဦးခင်ဇော်(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ရီရီလွင် (ဆည်မြောင်း)တို့က မဂ္ဂဇင်းမျိုးစုံ ၃၀၄အုပ်နှင့် ငွေကျပ် ၂၀၀၀၀၊ ရန်အောင်စာပေမှ ဦးလှတိုး-ဒေါ်ချယ်ရီအောင်တို့က သုတ ရသစာအုပ်မျိုးစုံ ၁၂၃အုပ်၊ ဦးဟန်မင်းဦး(တက္ကသိုလ်-ဟန်မင်းဦး)က မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်နှင့် သတင်းစာမျိုးစုံ ၅၃၄အုပ်၊ Rave တေးဂီတအဖွဲ့မှ ကိုအောင်နိုင်သူက မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ၆၁၀၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း စာကြည့်တိုက်ကိုယ်စား ဦးကျော်ဝင်းလှိုင်က မဂ္ဂဇင်းနှင့် ယဉ်ကျေးလိမ္မာ စွယ်စုံကျမ်း ၁၃၁အုပ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးအေးမြင့်ကျော်က မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ၂၅၁အုပ်၊ ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း) ကိုယ်စား ဒေါ်မြသောင်းဝေက သုတ၊ ရသ စာအုပ်မျိုးစုံ ၈၅အုပ်၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန သိပ္ပံသုတေသနလေ့ကျင့်ရေးနှင့် လုံခြုံရေးဌာန မိသားစုကိုယ်စား ဒေါ်သန်းသန်းဌေးက ဂျာနယ်မျိုးစုံ ၄၄၉အုပ်၊ မောင်ထက်ဝေအောင်နှင့် ဗိုလ်လောင်းထူးဝေအောင်တို့က ဂျာနယ်မျိုးစုံ ၄၈၅အုပ်၊ စာရေးဆရာ မောင်စိုးနွေ(သုံးဆယ်)က ဝတ္ထုတိုပေါင်းချုပ် ၅၀၊ သာထက်အောင်မိတ္တူ (မင်္ဂလာတောင်ညွန့်)က ငွေကျပ် ၁၀၀၀၀၊ အလုံ သီရိမင်္ဂလာအိမ်ရာမှ မသင်းဥမ္မာနှင့် မောင်မင်းသိမ်းကျော် မောင်နမတို့က ငွေကျပ် ၁၀၀၀၀၊ ဗိုလ်မှူးကြီး ခင်မောင်ဝင်း(ငြိမ်း) - ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)က ဝတ္ထု၊ မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ၆၈အုပ်၊ Tech Training Center က မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ၂၂၉အုပ်၊ ရန်ကုန်မြို့လမ်း(၄၀)မှ ဦးလှကျော်-ဒေါ်အမာတို့က သုတ ရသစာအုပ်မျိုးစုံ ခြောက်အုပ်၊ ဦးသူရကျော် (ချောက်မြို့)က ဂျာနယ်နှင့် သုတစာအုပ်မျိုးစုံ ၄၆အုပ်၊ ဦးသောင်းထိုက်-ဒေါ်တင်ရီ လမ်းမတော်က သုတရသနှင့် မဂ္ဂဇင်းမျိုးစုံ အုပ်ရေ ၅၀၀၊ Export & Import Co., Ltd. မှ ဒေါ်တင်တင်လေး ကိုယ်စား မခိုင်ချိုမြင့်က မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ၄၁၆အုပ်နှင့် ငွေကျပ် ၃၀၀၀၀၊ ဂျပန်နိုင်ငံမှ ဒေါက်တာဒေါ်မြမြဝင်းကိုယ်စား သား ရုပ်ရှင်သရုပ်ဆောင် ရွှေသွေးက တကယ်ချစ်ရဲ့လား ဆောင်းပါးပေါင်းချုပ် ၃၀နှင့် ငွေကျပ် ၁၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်တို့က လက်ခံကြပြီး ကျေးဇူးတင် ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦး လှူဒါန်းသော စာအုပ်များကို လက်ခံယူစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦး လှူဒါန်းသော စာအုပ်များကို လက်ခံယူစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တံခွန်စိုက်ဒိုင်းဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးပြီး ဗိုလ်စွဲသွားသည့် အသင်းများအား တံခွန်စိုက်ဒိုင်းဆုကြီးများကို ချီးမြှင့်သည်။

ဗိုလ်လုပွဲပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်နာယကများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီး "ခတ" ပွဲစဉ်များ၊ "ကုမိတဲ" အတန်းလိုက် ပွဲစဉ်များတွင် ဆုရရှိကြသူများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အမှုဆောင်များက တစ်ဦးချင်း ဆုများကို အလှည့်ကျချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိသုဓမ္မဇောတဓရ ဒေါက်တာ ဝင်းဇော်က ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုဖြင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသော မန္တလေးတိုင်းမှ မအေးအေးကျော်နှင့် ရွှေတံဆိပ်နှစ်ခုဖြင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရရှိသော ရန်ကုန်တိုင်းမှ သိန်းထိုက်အောင်တို့အား အကောင်းဆုံး အားကစားသမားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်လေးခုဖြင့် ပထမရရှိသော မန္တလေးတိုင်းအသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခုဖြင့် ပထမရရှိသော ရန်ကုန်တိုင်းအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းများကို ချီးမြှင့်ပေးအပ်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် ပထမရရှိသွားသော ရန်ကုန်တိုင်း အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ချီးမြှင့်စဉ်။

(ကရာတေးဒိုအဖွဲ့ချုပ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား လှေလှော်ရွက်တိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဖလား လှေလှော် ရွက်တိုက်ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း (အင်းလျားကန်) ၌ ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ကိုယ်စား စစ်ဦးစီး အရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲ ကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်အားပေးကြပြီး ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အငယ်တန်းမီတာ ၉၀၀ လေးယောက်လှော် အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ၊ အငယ်တန်းမီတာ ၁၀၀၀ လေးယောက်လှော် အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ၊ Laser Class(Fun Boat) ရွက်လှေပြိုင်ပွဲနှင့် Sharpie Class ရွက်လှေပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသည်။

ဗိုလ်လုပွဲ များအပြီးတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသည့် အသင်းများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းက ၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်သည်။

(သတင်းစဉ်)

အိုလံပစ်နေ့ အထိမ်းအမှတ် သိုင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၀၅ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်သိုင်းပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းမှစ၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) မိုးလုံလေလုံ အားကစားရုံတွင်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်း၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ကြေးမုံ)

၂၀၀၅ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် သိုင်းပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပန်နာဆိုးနစ်လုပျိဖြူ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် Panasonic Battery တို့ ပူးပေါင်း၍ ပန်နာဆိုးနစ်လုပျိဖြူ ဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်ရာ Panasonic Battery ၏ အသုံးဝင်မှုကို ထင်ဟပ်ပေါ်လွင်စေရန် အနုပညာမြောက်သော (၁၀x၁၄) လက်မပုံဖြစ်စေ၊ ဓာတ်ပုံပညာဖြင့် လုပျိဖြူများကို ရိုက်ကူးထားသော (၁၀x၁၄) လက်မပုံဖြစ်စေ၊ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်၍ လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ မဖြစ်စေရဘဲ တစ်ဦးလျှင် ခြောက်ပုံအထိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆုတစ်ဆု၊ ဆုကြီးမရရှိပါက နှစ်သိမ့်ဆု နှစ်ဆုအထိ ခံစားခွင့်ပြုမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲ ဆုကြေးများအဖြစ် ပထမဆု ငွေကျပ် သုံးသိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းငါးသောင်းနှင့် နှစ်သိမ့်ဆု သုံးဆု ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ အကဲဖြတ်သုံးဦးနှင့် ကုမ္ပဏီမှနှစ်ဦးစီတို့ဖြင့် ဓာတ်ပုံအသင်းတိုက်၌ လာမည့်ဩဂုတ် ၁၄ရက်တွင် ရွေးချယ်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဩဂုတ် ၁၂ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အတွင်းရေးမှူး ရွှေလှမျိုးအောင် အမှတ် (၂၇/၂၉) ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဖုန်း- ၃၇၃၁၆၇ သို့ စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကုန်ပစ္စည်းအသစ် မိတ်ဆက်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၄

Wyn & Sons Co., Ltd. MDG Co., Ltd က ကြီးမှူးကျင်းပသော ထုတ်ကုန်ပစ္စည်းအသစ် Calsome Kid Nutritious Creal Drink အကြောင်း စားသုံးသူများအား မိတ်ဆက်ရှင်းလင်းပွဲကို ဇွန် ၂၃ရက် ည ၇နာရီတွင် ဆီဒိုးနားဟိုတယ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကုမ္ပဏီနာယက ဦးမြင့်သိန်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး **(ယာပုံ)** ကျန်းမာရေးဝန်ကြီးဌာနမှ အငြိမ်းစား ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ ဦးဝင်းသိန်းက ကုန်ပစ္စည်းအသစ်၏ အရည်အသွေးစွမ်းဆောင်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက ဧည့်သည်တော်များ၏ မေးမြန်းချက်များကို ရှင်းလင်းတင်ပြပြီး ညစာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇွန် ၂၄

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၅ ရက်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်ရှိမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းတွင် နေရာကွက်ကျားမိုးရွာမည်။

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇွန်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၆-၆-၂၀၀၅ ရက်နေ့

၂၀၀၅ခုနှစ်၊ ဇူလိုင်လအတွက်

(၁၀-၇-၂၀၀၅)ရက်နေ့

နှင့်

(၃၁-၇-၂၀၀၅)ရက်နေ့

လှူဒါန်း

(၁၅၁/၁) ကျွန်းရွှေမြိုင်လမ်း၊ စုပေါင်းအိမ်ရာ သုဝဏ္ဏမြို့နေ ဒေါက်တာကျော်မင်းနှင့် ဒေါက်တာဝင်းအောင် ညီအစ်ကိုက အလှူငွေ ကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန်းနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ဒေဝီခင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရွှေပြည်သာစက်မှုဇုန် ကြည့်ရှု လုပ်ငန်းများတိုးချဲ့နိုင်ရေး လိုအပ်သည်များဖြည့်ဆည်း

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာ စက်မှုဇုန်သို့သွားရောက်၍ စက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စက်မှုဇုန်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

စီမံဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာ စက်မှုဇုန် ကနောင်ခန်းမသို့ ရောက်ရှိလာရာ ရွှေပြည်သာစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ခရိုင်အတွင်း စက်မှုဇုန်များ တည်ထောင်၍ စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရွှေပြည်သာ စက်မှုဇုန်အတွင်း အပိုင်းလေးပိုင်းခွဲ၍ စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် လျာထားချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စက်မှုဇုန်အတွင်း လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်ရေး၊ သွင်းကုန်အစားထိုးပစ္စည်းများ၊ နိုင်ငံခြားပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရေးနှင့် စက်မှုကဏ္ဍ မြင့်မားရေး ဦးတည်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် စက်မှုဇုန်အပိုင်း (၃)ရှိ Super Five Manufacturing Co., Ltd.၏ MB ဘီစကွတ်နှင့်မုန့်မျိုးစုံ ထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိပြီး ဘီစကွတ်နှင့် မုန့်များ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ မုန့်များထုပ်ပိုးနေမှုနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုအားပေးရာ မန်နေဂျင်းဒါရိုက်တာ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် စက်မှုဇုန် အပိုင်း (၃)ရှိ Crown သံရည်ကျိုစက်ရုံအတွင်း စွန့်ပစ်သံထည်ပစ္စည်းများကို အရည်ကျို၍ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အထွေထွေလုပ်ငန်းသုံး သံထည်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ စက်မှုဇုန် အပိုင်း (၁)ရှိ Yangon Transformer and Electrical Co., Ltd. ၏ Yangon Transfomer စက်ရုံအတွင်း 50 KVA မှ 10 MVA အားရှိ Transformer များ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ စက်မှုဇုန် အပိုင်း (၄)ရှိ Asia Metal Co, Ltd ၏ Pre Painted Colour Steel Sheet များနှင့် Steel Purlin များ ထုတ်လုပ်သည့် စက်ရုံအတွင်း Steel Sheet နှင့် Purlin ထုတ်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လုပ်ငန်းများတိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ စက်မှုကဏ္ဍ မြင့်မားစေရေးအတွက် စက်မှုဇုန်များ တည်ထောင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုရွှေပြည်သာစက်မှုဇုန်သည် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ တည်ရှိပြီး အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃)နှင့် အပိုင်း (၄)ဟူ၍ အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်။ ရွှေပြည်သာ စက်မှုဇုန် အပိုင်း(၁)ကို ၁၉၉၀ ပြည့်နှစ်တွင် မြေ ၃၃၆ ဧက ပေါ်၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ စက်ရုံပေါင်း ၁၁၅ ရုံ လည်ပတ်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ငွေကျပ် သန်းပေါင်း ၁၈၃၃ဒသမ၁၈ သန်းရှိသည်။ ရွှေပြည်သာ စက်မှုဇုန် အပိုင်း (၂၊ ၃၊ ၄)ကို ၁၉၉၈ ခုနှစ်မှ စတင်၍ မြေဧက ၉၉၂ ဒသမ၄၁၄ ပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ စက်ရုံပေါင်း ၆၄ ရုံ လည်ပတ်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ငွေကျပ် သန်းပေါင်း ၉၆၅၂ ဒသမ ၂၃ သန်းရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာ စက်မှုဇုန် အပိုင်း (၃)ရှိ Crown သံရည်ကျိုစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

ပြင်သစ်နိုင်ငံ Medical Biomedical International Association (M.B.M.I France)မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကို ဇွန် ၂၁ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ညှိခန်းမ၌ ကျင်းပရာ M.B.M.I France မှ တာဝန်ရှိသူများက ယူရိုငွေ ၁၄၁၉၂၈ တန်ဖိုးရှိသော ဆေးရုံသုံးပစ္စည်းများကို ဆေးရုံအုပ်ကြီးဒေါက်တာ ဒေါ်နုနုသာအား ပေးအပ်လှူဒါန်းကြပြီး ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မွန်ပြည်နယ်အတွင်း အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည် လိုက်ပါလျက် ဇွန် ၁၉ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ဆားလုပ်ငန်းအသင်းရုံး၌ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယတိုင်းမှူးတို့နှင့်တွေ့ဆုံ၍ စည်းရုံးရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ညနေပိုင်းတွင် မုဒုံမြို့နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးမှု၊ ဒေသခံပြည်သူလူထု၏ ပူးပေါင်းထည့်ဝင်မှုဖြင့် တည်ဆောက်ခဲ့သော အခြေခံပညာ မူလတန်းကျောင်း(ကွမ်တုံ)နှင့် အခြေခံပညာ အထက်တန်းကျောင်း (ပိန္နဲတိုက်) ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး၊ ဆောက်လုပ်ပြီး ကျောင်းစာသင်ဆောင်များ ရေရှည်သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ထူးချွန်ကျောင်းသားကျောင်းသူများ ပေါ်ထွန်းရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းစည်းလုံးလုံးဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရေး မှာကြားသည်။

ဆွေးနွေးမှာကြား

ဗဟိုအလုပ်အမှုဆောင်သည် ဇွန် ၂၀ရက် နံနက်ပိုင်းတွင် ကျိုက်မရော မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ စည်းရုံးရေးလုပ်ငန်းများကို ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွေ့ကျကျ ကွင်းဆင်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မော်လမြိုင်စက်မှုဇုန် တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် စက်မှုဇုန်သို့ရောက်ရှိပြီး လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဝန်ကြီးက နိုင်ငံတော်မှချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ အရည်အသွေးမီ စက်မှုကုန်ချောပစ္စည်းများ ထုတ်လုပ်ရေး၊ ဈေးကွက်ရှိပြီး ဒေသနှင့်ကိုက်ညီသည့်ပစ္စည်း တီထွင်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးကာ စက်မှုဇုန်အတွင်းရှိ တွင်ခုံလုပ်ငန်း၊ သံနှင့်ကြေးရည်ကျိုလုပ်ငန်းများမှ စက်အရန်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့် သုံးဘီးဆိုင်ကယ် တီထွင်ထုတ်လုပ်ထားမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သော ကုန်ကြမ်းပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မော်လမြိုင်မြို့နယ် အသင်းရုံး၌ မွန်ပြည်နယ်နှင့်မော်လမြိုင် ခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံရာ၌လည်းကောင်း၊ ညနေပိုင်းတွင် သထုံခရိုင်အသင်း၌ ခရိုင်နှင့်မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံရာ၌ လည်းကောင်း၊ အသင်းတာဝန်ရှိသူများက မြို့နယ်အလိုက် စည်းရုံးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးနှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ် အောင်မြင်အောင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရန်၊ ချမှတ်ထားသော စည်းကမ်းချက်များကို စနစ်တကျလိုက်နာ၍ အရည်အသွေး ထက်မြက်အောင် ကြိုးစားဆောင်ရွက်ရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းပြီး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရန်၊ ဗဟိုမှ ဖွင့်လှစ်သော သင်တန်းများ တက်ရောက်ပြီးလက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဇွန် ၂၁ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်အသင်းအတွင်းရေးမှူး၊ မြို့နယ်အသင်းအတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ဦးစီးဆောင်ရွက်ရန်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျေးရွာလူထု ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်နိုင်အောင် အရှိန်အဟုန်မြှင့် စည်းရုံးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

တတိယတန်း ဘောလုံးအသင်းသစ်များအတွက် ခြေစစ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၄

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီအတွက် တတိယတန်း ဘောလုံးအသင်း (အသစ်)များ၏ ခြေစစ်ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ရက်မှစတင်၍ ကျင်းပမည်ဖြစ်သည်။

စာရင်းသွင်း

ယင်းတတိယတန်း ခြေစစ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းအသစ်များသည် ဇူလိုင် ၆ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ စာရင်းသွင်းရမည်ဖြစ်သည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား ဇွန် ၁၅ရက်က ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဒေါ်စံရားတင်နှင့်အဖွဲ့က တစ်နေ့တာ အာဟာရ ကျွေးမွေးလှူဒါန်းပြီး အဆို၊ အကများဖြင့် ဖျော်ဖြေကြစဉ်။ (က–ပ)





❒ စာမျက်နှာ ၁၀ မှ

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများနှင့် စာပေဒါန အလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

လှူဒါန်း

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက ဆဋ္ဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင်ပေါင်း ၆၃ဦးတို့က ငွေသားကျပ် ၈၃၄၅၀၀၀၊ ငွေ ၁၁၅၂၅၁၉၆ ကျပ်နှင့် နိုင်ငံခြားငွေ ၂၃၀၀တန်ဖိုးရှိ သုတ၊ ရသ စာအုပ်မျိုးစုံ ၃၇၅၂၀၂အုပ်တို့ အပါအဝင် စုစုပေါင်း ၁၉၈၇၀၁၉၆ကျပ်နှင့် နိုင်ငံခြားငွေ ၂၃၀၀တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဌာန ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ပြန် ကြား ရေး ဝန်ကြီး ဌာန ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမ အကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါန ငွေ ပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦးလှူဒါန်းသော စာအုပ်များကို လက်ခံယူစဉ်။ (သတင်းစဉ်)

ခရိုအေးရှားအမျိုးသားနေ့ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂၅

၂၀၀၅ခုနှစ် ဇွန် ၂၅ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ခရိုအေးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပ ပေါင်းစည်းရေး ဝန်ကြီး မစ်(စ်) ကိုလင်ဒါ၊ ဂရေဘာ - ကီတာရိုဗစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ များကို ယနေ့နံနက် ၉နာရီမှ ၁၁နာရီအထိ ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၊ ပြည်နယ်နှင့်တိုင်း မြို့ကြီးများရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများ၌ တစ်ပြိုင်တည်းကျင်းပသည်။

ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဝင်ရောက်ဖြေဆိုနေကြသည့် ကျောင်းသူများ၏ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲ တွင် ဝင်ရောက်ဖြေဆိုနေကြသည့် ကျောင်းသူများ၏ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ များတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံအဆင့်၌ **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ"**ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအထက်တန်း အဆင့်၌ **"မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှု"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ **"ယဉ်ကျေးလိမ္မာသော မြန်မာအမျိုးသမီး"** ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဖြေဆိုယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲအဆင့်သုံးဆင့်သို့ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၅၆ခုမှ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်နယ်နှင့်တိုင်း မြို့ကြီးများရှိ အခြေခံပညာအထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၄၂၇၃ဦးနှင့် အလယ်တန်း ကျောင်းသား၊ကျောင်းသူ ၁၆၂၅၄ ဦးတို့ ဝင်ရောက်ဖြေဆိုကြပြီး ရန်ကုန်တိုင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၁၄၁ကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၅၇၅၃၆ဦးနှင့် အခြေခံပညာ အလယ်တန်းကျောင်း ၁၅၂ ကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၅၈၇၃၁ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါပြိုင်ပွဲ အဆင့်သုံးဆင့်စလုံး၌ ပြည်နယ်နှင့်တိုင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား ဇူလိုင် ၃ရက်တွင် ပြည်နယ်နှင့်တိုင်းများ၌ ကျင်းပမည့် ၂၀၀၅ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာ ကျောင်းများကလည်း ကျောင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို မိမိတို့အစီအစဉ်ဖြင့် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ပညာရေးအထောက်အကူပြုပရောဂျက်နှင့် ကျောင်းဝက်ဘ်ဆိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းက ကြီးမှူး၍ ပညာရေးဌာနမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အမျိုးသားအဆင့် အိုင်စီတီဆု(National Level ICT Award) ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ပညာရေးကဏ္ဍတွင် အိုင်စီတီ နည်းပညာများ အသုံးချနိုင်ရေး အခွင့်အလမ်းများ ပေါ်ထွက်စေရန်နှင့် သင်ကြားရေးအထောက်အကူပြု ပရိုဂရမ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပညာရေးအထောက်အကူပြု ပရောဂျက်နှင့် ကျောင်းဝက်ဘ်ဆိုက် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် အခြေခံပညာ အလယ်တန်းအဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်နှင့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအဆင့်ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံများကို သက်ဆိုင်ရာ အခြေခံပညာ ဦးစီးဌာနများတွင် ရယူပြီးနောက် ပြိုင်ပွဲဝင် ပရောဂျက်များကို ၂၀၀၅ခုနှစ် စက်တင်ဘာ ၁ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ ကျောင်းများမှတစ်ဆင့် သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာနများသို့ တင်သွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်ပြိုင်ပွဲကို လှိုင်မြို့နယ်ရှိ MICT Park ၌ ပြိုင်ပွဲဝင်သူက ပြသယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အကဲဖြတ် ဆုရွေးချယ်ရေးအဖွဲ့က သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုခြင်း၊ နည်းပညာမြင့်မားခြင်းနှင့် တင်ပြရှင်းလင်းမှုတို့ အပေါ်အခြေခံ၍ အကဲဖြတ် အမှတ်ပေးမည်ဖြစ်သည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် အကောင်းဆုံးဆုနှင့် အထူးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဆုရရှိသူများအား နောက်ဆုံးအဆင့်ပြိုင်ပွဲအပြီးတွင် ကြေညာမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဖုန်း-၆၅၂၂၃၈၊ အလုပ်အမှုဆောင် ဦးအောင်သန်းညွန့် ဖုန်း-၀၉-၈၀-၂၃၇၆၂သို့ ဆက်သွယ် မေးမြန်းနိုင်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အန္တရာယ်ကင်းသောမိခင်ဘဝ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲ
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	Learning English (Cars)
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	UEFA Stories Euro(1992)
၉း၃၀	လုပ်သားများအားထားစရာ ကရုဏာကြေးခံစားခွင့်
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ဂီတဆည်းဆာတေးသံသာ
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ဆေးဖက်ဝင်လင်ဇီးမှိုနှင့် မျောက်ခေါင်းမှို
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	လယ်ယာထွန်စက်
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄)ကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အချိုမှုန့်

Monosodium Glutamate (MSG)

စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်-

- **ပန်းနာရင်ကျပ်ရောဂါ**
- **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
- **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
- **သွေးတိုးရောဂါ**
- **နှလုံးရောဂါ**
- **နှလုံးခုန်စေခြင်း**
- **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
- **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့၏ မိုးရေချိန်များ

၂၄-၆-၂၀၀၅

ရန်ကုန်မြို့လယ်	- ၀ ဒသမ ၅၅	လက်မ
မင်္ဂလာဒုံ	- ၀ ဒသမ ၃၉	လက်မ
ကမ္ဘာအေး	- ၀ ဒသမ ၂၇	လက်မ

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ် (၁၁၆/ဂ) မရမ်းကုန်း ၈ မိုင် သီရိမင်္ဂလာလမ်းနေ ကွယ်လွန်သူမိဘနှစ်ပါး၊ ခင်ပွန်း ဗိုလ်မှူးကျော်ညွန့်(ငြိမ်း)နှင့်သား ဒေါက်တာသိန်းညွန့်တို့အတွက် ဒေါ်ခင်သိန်းမိသားစုက ငွေကျပ် နှစ်သိန်းနှစ်သောင်းတစ်ထောင်ကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခရိုအေးရှားဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂၅

၂၀၀၅ခုနှစ် ဇွန် ၂၅ရက်တွင်ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အိုင်ဗိုဆာနေဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဇွန် ၂၄ရက်ကကျင်းပသည့် ၂၀၀၅ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပွဲစဉ်အလိုက် အမှတ်အများဆုံးရရှိသည့်အသင်းအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၄-၆-၂၀၀၅)

စစ်တွေ
၅ဒသမ ၁၂လက်မ
မောင်တော
၄ဒသမ ၅၇လက်မ
ကျောက်တော်
၃ဒသမ ၉၈လက်မ
မိုးကုတ်
၃ဒသမ ၂၂လက်မ
သိမ်ဇရပ်
၃ဒသမ ၀၃လက်မ
ပဲခူး
၂ဒသမ ၇၆လက်မ

ကျေးလက်နေပြည်သူများ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိ ယနေ့အထိ ကျေးရွာပေါင်း ၁၉၅၇၅ ရွာတွင် ထူထောင်ထားပြီးဖြစ်

ရန်ကုန် ဇွန် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက ဆဋ္ဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး စေတနာရှင်၊ အလှူရှင်များ၏ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် အလှူငွေများကို လက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Deputy Chief of Mission Mr. Hiroshi Kawamura နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဋ္ဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင်များ လှူဒါန်းထားသော စာအုပ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါး အညွှန်း

▶ ***စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အသက်ကိုစွန့်လွှတ်ရန် သန္နိဋ္ဌာန်ပြုကာ တပ်မတော်တွင် စစ်မှုထမ်းခဲ့ကြသူများ ဖြစ်သကဲ့သို့ သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ခဲ့ကြသူများလည်း ဖြစ်သည်။ ထို့အပြင် မျိုးချစ်တပ်မတော်သားဘဝကို ခံယူကြပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် မမိုတ်မသုန် ဆောင်ရွက်ခဲ့ကြသူများလည်း ဖြစ်သည်။***

ဆွေသန့်ကို၏ **"နိုင်ငံတော်နှင့် ပြည်သူတို့အကျိုး အစဉ်သယ်ပိုးနေသူများ"** ဆောင်းပါး (စာမျက်နှာ-၆)

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

မြန်မာအမျိုးသမီးများပေါင်းစည်းအား ထင်ရှားစွမ်းဆောင်ရည်

ဇူလိုင် ၃ ရက် လက်ချင်းယှက် မပျက်ကမ္ဘာတည်